# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၈ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၂၁၅)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော ပတ္တမြားကြီးအားကြည့်ရှု



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော ပတ္တမြားကြီးအား ကြည့်ရှုစဉ်။

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရအဖွဲ့ တာဝန်ယူပြီးနောက် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်ကူးကာလ လွန်မြောက်သောအချိန်အခါသမယတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ရတနာမြေမှ ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် ပတ္တမြားတစ်ပွင့် ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ပတ္တမြားကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပတ္တမြားကြီး၏ အချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများအား ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


**၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ နေပြည်တော် အစီရင်ခံစာ ထုတ်ပြန်** — ပြည်တွင်းသတင်း စာ ၄

**တောင်သူအကျိုးများစေဖို့ ဆီထွက်နေကြာ စိုက်ကြစို့** — ဆောင်းပါး စာ ၆

**ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များ၌ စပျစ်ဇုန် အကောင်အထည်ဖော်ဆောင်ရွက်မည်** — ပြည်တွင်းသတင်း စာ ၉

**တက္ကဆက်ပြည်နယ်၌ ချစ်ပ်စက်ရုံတည်ဆောက်ရန် SpaceX က ဒေါ်လာ ၅၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်** — နိုင်ငံတကာသတင်း စာ ၁၄

**၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ** — ပြည်တွင်းသတင်း စာ ၁၃





❖ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပတ္တမြားကြီးအား ကြည့်ရှုကြသည်။

ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားသည် အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန်ခက်ခဲပြီး ရှားပါးကြောင်း၊ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသော အနီရောင်တွင် အဝါရိပ်ဖောက်သော အရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်ကြောင်း၊ အလင်းပေါက်အား သင့်တင့်ပြီး ဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် ပတ္တမြားကြီးဖြစ်ကြောင်း သိရှိရသည်။

**အလွန်တန်ဖိုးရှိသည့် ပတ္တမြားများဖြစ်**

ယခင်က မိမိတို့နိုင်ငံတွင် ရှားပါးပြီးတန်ဖိုးရှိသည့် ၁၉၉၀ ပြည့်နှစ်တွင်ရရှိခဲ့သော အလေးချိန် ၉၉ ဒသမ ၂၅ ဂရမ်(၄၉၆ ဒသမ ၂၅ ကရက်) ရှိ နဝတ ပတ္တမြား၊ ၁၉၉၆ ခုနှစ်တွင်ရရှိခဲ့သော အလေးချိန် ၄၂၉၀ ဂရမ် (၂၁၄၅၀ ကရက်) ရှိ ပတ္တမြားနှင့် ၂၀၂၂ ခုနှစ်တွင် ရရှိခဲ့သော အလေးချိန် ၅၅၇ ဒသမ ၈၅ ဂရမ်(၂၇၈၉ ဒသမ ၂၅ ကရက်) ရှိ နစက ပတ္တမြားတို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယခုပတ္တမြားအပါအဝင် ပတ္တမြားလေးပွင့်လုံးသည် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ဒေသမှထွက်ရှိပြီး သက်ဆိုင်ရာပတ္တမြားတစ်ပွင့်ချင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော ပတ္တမြားကြီးအား ကြည့်ရှုစဉ်။



မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိ ပတ္တမြားကြီးအား တွေ့ရစဉ်။

**❏ ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားသည် အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန်ခက်ခဲပြီး ရှားပါး၊ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသော အနီရောင်တွင် အဝါရိပ်ဖောက်သောအရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်၊ အလင်းပေါက်အား သင့်တင့်ပြီး ဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် ပတ္တမြားကြီးဖြစ်**

အလိုက် ဂုဏ်သတ္တိထူးခြားချက်များရှိသောကြောင့် အလွန်တန်ဖိုးရှိသည့် ပတ္တမြားများဖြစ်ကြကြောင်း၊ ၁၉၉၆ ခုနှစ်တွင်ရရှိခဲ့သော ပတ္တမြားသည် အလေးချိန်အားဖြင့် အများဆုံးဖြစ်သော်လည်း အရောင်နှင့် အရည်အသွေးနှိုင်းယှဉ်ပါက ယခုနောက်ဆုံးတွေ့ရှိခဲ့သော ပတ္တမြားသည် အရောင်နှင့်အရည်အသွေး ပိုမိုကောင်းမွန်သောကြောင့် တန်ဖိုးပိုမိုမြင့်မားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**





## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr.Harish-chandra Ghimire အား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနှင့်နီပေါ နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်ကြပြီး နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်နိုင်မည့်နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြေ၊ အဆောက်အအုံ၊ အခြားပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းခွင့်ပြုခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၇**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဌာန သို့မဟုတ် အဖွဲ့အစည်းက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ အဆောက်အအုံနှင့် အခြားပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စု ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပိုမိုပွင့်လင်းမြင်သာမှုရှိလာ**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဌာန သို့မဟုတ် အဖွဲ့အစည်းက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ အဆောက်အအုံနှင့် အခြားပိုင်ဆိုင်ပစ္စည်းများကို နှစ်တို၊ နှစ်ရှည် ငှားရမ်းခွင့်ပြုရာတွင် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်စေခြင်းမှတစ်ဆင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရသည့် ဝန်ကြီးဌာနများအချင်းချင်းအကြား လုပ်ထုံးလုပ်နည်းများ ပိုမိုပွင့်လင်းမြင်သာမှုရှိလာစေပြီး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်သည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေမည့်အပြင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအကြား ပိုမိုထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည့်အကျိုးကျေးဇူးများလည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဒုတိယဝန်ကြီးက ဌာန သို့မဟုတ် အဖွဲ့အစည်းက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ အဆောက်အအုံနှင့် အခြားပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းခွင့်ပြုခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁/၂၀၂၆) ပါ လုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းလင်းပြောကြားသည်။

ယင်းနောက်တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ အဆိုပါလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအပေါ် တွေ့ကြုံရသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး သိရှိလိုသည်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နေပြည်တော်အစီရင်ခံစာ ထုတ်ပြန်




**နေပြည်တော် မေ ၇**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နေပြည်တော် အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီမှ စာရင်းအင်းဆိုင်ရာ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာတွင် အောင်မြင်စွာကောက်ယူခဲ့ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း၊ သန်းခေါင်စာရင်းပင်မအစီရင်ခံစာဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာ၊ အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းအင်းအသုံးပြုသူများအတွက် စာရင်းဇယားများပါဝင်သည့် အစီရင်ခံစာများကို သတ်မှတ်ကာလများအတွင်း တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစီရင်ခံစာများကို ဆက်လက်ရေးသားပြုစုခဲ့ရာ သန်းခေါင်စာရင်း ရာနှုန်းပြည့်ကောက်ယူနိုင်ခဲ့သည့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရာနှုန်းပြည့်နီးပါး ကောက်ယူနိုင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးတို့၏ အစီရင်ခံစာများကို ဦးစားပေးရေးသားပြုစုခဲ့သည့်အတွက် ယခုအခါ နေပြည်တော်အစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

နေပြည်တော်အစီရင်ခံစာတွင် နေပြည်တော်၏ လူဦးရေဆိုင်ရာအချက်အလက်များအပြင် ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အကြောင်းအရာ စသည့်အခန်းကဏ္ဍများ စုံစုံလင်လင် ပါဝင်ပါကြောင်း၊ ယင်းအချက်အလက်များသည် ဒေသတွင်း၌ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြနှင့် ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း စသည့် လက်ရှိကာလအခြေအနေကို ဖော်ပြနေပါကြောင်း၊ သန်းခေါင်စာရင်းမှဖော်ထုတ်ရရှိသည့် အချက်အလက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အမျိုးသားရေးရည်မှန်းချက်များအတွက် လမ်းပြမြေပုံအဖြစ် ပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို ဖော်ဆောင်ရာတွင်လည်း မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစာရင်းအင်းကဏ္ဍနှင့် နိုင်ငံတကာ စာရင်းအင်းကဏ္ဍများအတွက်လည်း မိမိတို့နိုင်ငံ၏ အချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ အမျိုးသားညွှန်းကိန်းမူဘောင်အတွက်လည်း အညွှန်းကိန်းများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ထုတ်ပြန်သည့် နေပြည်တော် သန်းခေါင်စာရင်းအစီရင်ခံစာသည် နေပြည်တော်၏ စာတတ်မြောက်မှုနှုန်း၊ ပညာရည်အဆင့်အတန်း၊ ကျောင်းဆက်မတက်သည့် အခြေအနေများအပေါ် သုံးသပ်၍ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် လိုအပ်သည့်အစီအမံများ ရေးဆွဲနိုင်ရေး ညွှန်ပြပေးသကဲ့သို့ လုပ်သားအင်အား၊ အလုပ်အကိုင်အခြေအနေနှင့် အလုပ်လက်မဲ့နှုန်းတို့ကလည်း နေပြည်တော်တွင်ရှိသည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးချ၍ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နေပြည်တော်အစီရင်ခံစာထုတ်ပြန်နိုင်မှုနှင့် အစီရင်ခံစာပါအချက်အလက်များကို အခြေခံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်မည့် လုပ်ငန်းအခြေအနေကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိနိုင်မည့် အချက်အလက်များအပေါ်အခြေခံကာ မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ်နိုင်ရေးနှင့် နေပြည်တော်အစီရင်ခံစာနှင့်ပတ်သက်၍ ဖော်ထုတ်ရရှိနိုင်မည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ နေပြည်တော်အစီရင်ခံစာများကို လွှဲပြောင်းပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

**မိတ္ထီလာ မေ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Biometric ကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်နေမှု တာဝန်ရှိသူများက ယမန်နေ့က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ရပ်ကွက်ကျေးရွာများမှ အသက်(၁၈)နှစ်ပြည့်ပြီးသူများ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်များမရှိသေးသည့် ပြည်သူများအားစုစည်း၍ ရုံးသို့ခေါ်ယူဆောင်ရွက်ခြင်းနှင့် မိမိတို့အစီအစဉ်ဖြင့် လာရောက်ဆောင်ရွက်သည့် အသက်(၁၈)နှစ်ပြည့်နှင့် အသက်(၁၀)နှစ်ပြည့် ပြည်သူများအား ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Biometric ကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်လျက်ရှိရာ အဆိုပါဆောင်ရွက်နေမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၇**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်-၃ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပထမအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစိုးရသစ်ကာလအတွင်း နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ရာ အထူးစီးပွားရေးဇုန်များအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်များသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အစိတ်အပိုင်းဖြစ်ကြောင်း၊ ပြည်သူများ အလုပ်အကိုင်ရရှိစေရန်၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးများလာစေရန်နှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရန်တို့အတွက် အထူးစီးပွားရေးဇုန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို တင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အထူးစီးပွားရေးဇုန်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သုံးသပ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် မေ ၇**

၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ညောင်ရွှေမြို့ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လူရည်ချွန်စခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။



ထို့နောက် ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယပိုင်း အခမ်းအနားကို HUPIN ဟိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကို အားပေးစို့ ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးဝန်ကြီးဌာနက ပံ့ပိုးပေးမည်ဖြစ်ရာ လူရည်ချွန်မောင်မယ်များကလည်း နိုင်ငံတော်၏ပံ့ပိုးမှုနှင့်အတူ ထူးချွန်ပြောင်မြောက်သော ကျွမ်းကျင်ပညာရှင်များ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့၏ တာဝန်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်ပြီး ပညာနှင့် နိုင်ငံတော်၏ ပုံရိပ်ကိုဖန်တီးကာ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကျရာကဏ္ဍကနေ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးကြပ်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် လူမှုရေးရာဝန်ကြီးတို့က လူရည်ချွန်မောင်မယ်များကို ရင်ထိုးတံဆိပ်များ ပေးအပ်သည်။

ထို့နောက် တောင်ကြီးဒေသရှိ ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများက လူရည်ချွန်မောင်မယ် ၁၃၂ ဦးအတွက် တစ်ဦးလျှင် နှစ်သိန်းကျပ်နှုန်းဖြင့် ၂၆၄ သိန်းကို ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများကိုယ်စား ပြည်နယ် လူမှုရေးရာဝန်ကြီးက လူရည်ချွန်မောင်မယ်များ အားလုံး၏ကိုယ်စား လူရည်ချွန်မောင်မယ်နှစ်ဦးကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကေလာရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သို့ ရောက်ရှိကာ စာသင်ဆောင်များ ဥပဓိရုပ်ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ်၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ချောင်းဆုံ မေ ၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကြက်ခြေနီအသင်းခွဲမှ မေ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် သောက်သုံးရေများ သွားရောက် လှူဒါန်းခြင်းကို မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မီးသတ်ဦးစီးဌာနတို့မှ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက သောက်သုံးရေရှားပါးသည့် ကညော်ကျေးရွာသို့ လှူဒါန်းရာ မွန်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမျိုးမင်းလှိုင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကျော်သိန်းနှင့် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးချစ်သိန်းတို့က ကွင်းဆင်းကြည့်ရှုကာ သောက်သုံးရေများ လှူဒါန်းပေးကြသည်။



အဆိုပါ သောက်သုံးရေဖြန့်ဝေပေးခြင်းကို မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ရေသယ်ယာဉ် လေးစီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ် နှစ်စီး စုစုပေါင်း ရေသယ်ယာဉ် ခြောက်စီးတို့ဖြင့် သောက်သုံးရေဂါလန် ၉၅၀၀ ခန့်ကို နေအိမ်များအရောက်သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပြည်သူ့အတွက် ရက်(၁၀၀)စီမံချက် ကွင်းဆင်းဆောင်ရွက်

**လွိုင်ကော် မေ ၇**

ကယားပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်သူ့အတွက် ပထမရက်(၁၀၀) ကာလစီမံချက်အဖြစ် ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာငွေဇော်ဦး ဦးဆောင်သောအဖွဲ့က ဒေသတွင်းမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ် နမ့်ဘော်ဝမ်(ခ) ရပ်ကွက်နှင့် ပန်ကန်းတိုးချဲ့ ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ဒေါက်တာငွေဇော်ဦးနှင့်အဖွဲ့သည် လွိုင်ကော်မြို့ နမ့်ဘော်ဝမ်(ခ) ရပ်ကွက်ရှိ ဒေသနွား မွေးမြူရေးခြံများသို့ သွားရောက်၍ ကျွဲနွား စုစုပေါင်း



အကောင် ၄၀၀ ကို ကျွဲနွားလည်ချောင်းကွဲ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံသည်။

ဆက်လက်၍ ကယားပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးထောက်ပံ့ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပန်ကန်းတိုးချဲ့ရပ်ကွက်ရှိ ဥစားကြက်နှင့် အသားတိုးကြက်မွေးမြူရေးခြံများ၌ ဥစားကြက်အကောင် ၂၅၀၀ နှင့် အသားတိုးကြက် အကောင် ၃၂၀၀ စဉ်ဆက်မပြတ် ထည့်သွင်းမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မေစု(ပြန်/ဆက်)**

# တောင်သူအကျိုးများစေဖို့ ဆီထွက်နေကြာစိုက်ကြစို့

**မောင်ဇော်(မိုးကောင်း)**

**နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်သော မပြည့်ဝဆီဖြစ်သည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးသူဈေးကွက်တွင် လူကြိုက်များလာသည်ကို တွေ့ရှိရသည်။ ဈေးကွက်အတွင်း ရောင်းချနေသော နေကြာဆီများသည် ယေဘုယျအားဖြင့် နေကြာဆီအသစ်များပေါ်သည့်အချိန်တွင်သာ ဈေးနှုန်းအနည်းငယ်ကျဆင်းတတ်ပြီး သာမန်အားဖြင့် နေကြာဆီ ၁ ပိဿာလျှင် ငွေကျပ် ၂ သောင်းမှ ၂ သောင်းခွဲဝန်းကျင်ခန့်အထိရှိကြောင်း တွေ့ရှိရသည်။**

နေကြာဆီသည် ကိုယ်လက်စထရော(Colestrol) ဓာတ်နည်းသဖြင့် ကျွန်တော်တို့ ကျန်းမာရေးအတွက် စားသုံးသင့်သော စားသုံးဆီဖြစ်ပါသည်။ အနောက်နိုင်ငံများတွင် အများဆုံးစားသုံးသည့် စားသုံးဆီ (Edible Oil) လည်း ဖြစ်ပါသည်။ နေကြာဆီနှင့်ကြော်လျှင် ဆီလျော့နည်းမသွားဘဲ ကြာရှည်စွာ ကြော်လှော်နိုင်သဖြင့် 'အကြော်ခံဆီ' ဟူ၍လည်း ခေါ်ဆိုကြပါသည်။ နေကြာဆီသည် မပြည့်ဝဆီဖြစ်ပြီး သင့်တင့်စွာ စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သည့် သွေးတွင်းအဆီဓာတ် (High-density lipo-protein- HDL)ကို မြင့်တက်စေနိုင်ပြီး မကောင်းသည့် အဆီဓာတ် (Low-density lipoprotein-LDL)ကို လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါစသည့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေနိုင်သည်။ နေကြာဆီသည် မှိုပါဝင်မှုမရှိခြင်း၊ အနံ့အရသာကောင်းမွန်ခြင်း၊ အကြော်ခံခြင်းတို့ကြောင့် ကျန်းမာရေးနှင့် အထူးသင့်လျော်သည့် စားသုံးဆီအဖြစ် ဈေးကွက်တွင် လူကြိုက်များ ရေပန်းစားနေခြင်း ဖြစ်ပါသည်။



**ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာပေါ်တွင် နေကြာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများဖြစ်**

ထိုသို့ လူကြိုက်များရေပန်းစားပြီး ဈေးကွက်ဝယ်လိုအားရှိကာ ဝင်ငွေကောင်းသော နေကြာဆီကို ပြည်တွင်း၌ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန်အတွက် နေကြာအား ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရန်လိုအပ်သည်။ ထို့ကြောင့်လည်း နေကြာနှင့် ပတ်သက်သည့် အချက်အလက်များကို လေ့လာကြည့်သည့်အခါ နေကြာသီးနှံသည် အအေးဒဏ်နှင့်အပူဒဏ်ကို အခြားအပင်များထက် ခံနိုင်ရည်ရှိသည့်အတွက် ဒေသအမျိုးမျိုး၊ ရာသီဥတုအမျိုးမျိုးတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည်ကို တွေ့ရှိရပါသည်။ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာပေါ်တွင် နေကြာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများဖြစ်သည်ကို တွေ့ရှိရသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် နေကြာသီးနှံကဲ့သို့ ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောစားသုံးဆီများကို ပြည်တွင်း၌ ပြည့်ဝစွာထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။ နိုင်ငံ၏ ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောစားသုံးဆီပမာဏကို လေ့လာကြည့်လျှင် လူတစ်ဦးတစ်နှစ်အတွက် စားသုံးဆီအား ၆ ပိဿာနှုန်းဖြင့် မှတည်တွက်ချက်ပါက လူဦးရေ ၅၁ သန်းကျော်အတွက် ဆီတန်ချိန် ၅ သိန်းကျော် လိုအပ်ပါသည်။ လက်ရှိအချိန်အထိ ပြည်တွင်းတွင် စားသုံးဆီ လုံလောက်စွာ မထုတ်လုပ်နိုင်သည့်အတွက် ပြည်ပမှဝယ်ယူတင်သွင်းနေရမှုကြောင့် စားသုံးဆီထုတ်လုပ်နိုင်သော မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာ၊ ပဲပုပ်စသော သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး နိုင်ငံတော်အစိုးရကလည်း အားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နေကြာသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏကို နှိုင်းယှဉ်ပါက အချိုးအစားမြင့်မားပြီး ဆီထွက်ရှိမှုရာခိုင်နှုန်း ပိုမိုများပြားသည့်အပြင် နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည့် အားသာချက်များရှိသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် အထူးသင့်လျော်သော ဆီထွက်သီးနှံဖြစ်ပါသည်။

**မျိုး၊ မြေ၊ ရေ၊ နည်းတို့ကို စနစ်တကျ အသုံးပြုဆောင်ရွက်ပါက ဧကန်မုချ ဖြစ်ထွန်းအောင်မြင်မည်**

ဆီထွက်သီးနှံ နေကြာသည် သီးထပ်ဖြစ်စေ၊ သီးညှပ်ဖြစ်စေ စိုက်ပျိုးနိုင်သော အပင်ဖြစ်သည်။ လယ်မြေတွင် စပါးရိတ်သိမ်းအပြီးဖြစ်စေ၊ ယာမြေတွင် မိုးသီးနှံရိတ်သိမ်းအပြီးဖြစ်စေ၊ ကိုင်းကျွန်းမြေများတွင်ဖြစ်စေ စိုက်ပျိုးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မိုးရာသီနှင့် ဆောင်းရာသီတို့တွင် နေကြာကို အဓိကထား စိုက်ပျိုးကြရာ မိုးနေကြာကို မေလမှ ဇွန်လအတွင်းစိုက်ပျိုးကြပြီး ဆောင်းနေကြာကို မိုးနှောင်းရာသီ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးကြသည်ကို တွေ့ရသည်။ မေလအတွင်းသို့ ရောက်ရှိလာပြီဖြစ်သည့် ယခုချိန်၌ နေကြာစိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့် မြေဩဇာများကို ထည့်သွင်းအသုံးပြုခြင်း၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိအသုံးပြုခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိခြင်းနှင့် ခေတ်မီနည်းစနစ်များ အသုံးပြုခြင်းစသော **မျိုး၊ မြေ၊ ရေ၊ နည်း**တို့ကို စနစ်တကျအသုံးပြုဆောင်ရွက်ပါက ဧကန်မုချ ဖြစ်ထွန်းအောင်မြင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးသင့်ကြောင်း သုတေသနပြုထုတ်ဝေထားသည့် အထွက်တိုးနေကြာမျိုး နှစ်မျိုးရှိပြီး ပထမတစ်မျိုးမှာ **ရေဆင်းစပ်မျိုးနေကြာ-၁** ဖြစ်သည်။ သက်တမ်းရက် ၈၀ မှ ၈၅ ရက်ရှိသော မျိုးဖြစ်သည်။ အပင်ပေါက်ရာခိုင်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်သည်။ အပင်အမြင့်မှာ ၄ ပေ မှ ၄ ဒသမ ၅ ပေရှိပြီး ယိုင်လဲမှုဒဏ်ကို ခံနိုင်ရည်ရှိသည်။ နေကြာတွင် ကျရောက်တတ်သော နေကြာရွက်ခြောက်ရောဂါဒဏ်ကိုအသင့်အတင့် ခံနိုင်ရည်ရှိသည်။ အပွင့်အရွယ်အစား ကြီးမား၍ အချင်း ၅ လက်မမှ ၉ လက်မခန့်ရှိသည်။ တစ်ပွင့်တွင် အောင်စေ့ ၅၀၀ မှ ၉၀၀ အထိ ပါရှိသည်။ အစေ့အရွယ်အစားကြီးမား၍ အစေ့ ၁၀၀၀ အလေးချိန် ဂရမ် ၄၅ မှ ၅၀ ရှိသည်။ ဆီပါဝင်မှုနှုန်းလည်းများပြီး ရာခိုင်နှုန်းအားဖြင့် ၄၈ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ပျားဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း၊ ဝတ်မှုန်ကူးပေးရန် မလိုအပ်ဘဲ တစ်ဧကအထွက်နှုန်း ၅၅ တင်းမှ တင်း ၆၀ အထိ ရရှိနိုင်သော မျိုးဖြစ်ကြောင်း သိရှိရပါသည်။

ဒုတိယမျိုးမှာ **ဆင်းရွှေကြာ-၂** ဖြစ်သည်။ အထွက်ကောင်းမျိုး (Open pollinated variety-OPV) ဖြစ်ပြီး သက်တမ်းမှာ ရက် ၈၀ မှ ၈၅ ရက်ရှိသော မျိုးဖြစ်သည်။ အပင်အမြင့်မှာ ၄ ပေ မှ ၄ ဒသမ ၅ ပေရှိပြီး အပွင့် အချင်း ၅ လက်မ မှ ၈ လက်မရှိသည်။ တစ်ပွင့်တွင် အောင်စေ့ ၅၀၀ မှ ၈၀၀ ခန့်ပါရှိသည်။ အစေ့ ၁၀၀၀ အလေးချိန် ဂရမ် ၄၂ မှ ၄၅ ရှိသည်။ ဆီထွက်ရာခိုင်နှုန်း ၄၅ မှ ၄၈ ရာခိုင်နှုန်းအထိရှိသည်။ တစ်ဧကအထွက်နှုန်း ၂၅ တင်းမှ တင်း ၃၀ ထွက်နိုင်သောမျိုးဖြစ်ပြီး ဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရှိရပါသည်။ အဆိုပါနေကြာမျိုးများသည် သက်လျှင်အထွက်ကောင်းမျိုးများဖြစ်သဖြင့် တန်ဖိုးကြီးလှသော မြေကြီးပေါ်တွင် သေချာရွေးချယ်စိုက်ပျိုးပါက "မြေကြီးက ရွှေသီး" သကဲ့သို့ ကျေနပ်အားရစွာ တောင်သူကြီးတို့ ပျော်ရွှင်ကြရမည်မှာမလွဲဧကန်ပင် ဖြစ်ပါသည်။

နေကြာကို မြန်မာနိုင်ငံ၏ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆိုရလျှင် ယခုနှစ်တွင် နေကြာစိုက်ဧက ၁ ဒသမ ၁ သန်းကျော်ရှိကြောင်းတွေ့ရသည်။ မြေမျက်နှာသွင်ပြင်နှင့် နယ်မြေဒေသ ရာသီဥတုအရ ဒေသတစ်ခုနှင့်တစ်ခု၏ တစ်ဧကအထွက်နှုန်းချင်း မတူညီဘဲ ရှမ်းပြည်နယ်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၃၀ ကျော်ထွက်ရှိကြောင်းနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆိုလျှင် တစ်ဧကပျမ်းမျှ ၂၃ တင်းဝန်းကျင် ထွက်ရှိကြောင်း တွေ့ရှိရသည်။ နေကြာတစ်တင်းအား ဆီကြိတ်ခွဲလျှင် ပျမ်းမျှအားဖြင့် နေကြာဆီ ၂ ပိဿာခွဲမှ ၄ ပိဿာဝန်းကျင် ထွက်ရှိသဖြင့် ဒေသနှင့်ကိုက်ညီပြီး ဆီထွက်နှုန်းကောင်းသော နေကြာမျိုးများကို ရွေးချယ်၍ ပိုမိုစိုက်ပျိုးပါက တောင်သူဦးကြီးများ၏ ဝင်ငွေတိုးတက်၍ နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို တစ်ထောင့် တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

နေကြာတစ်ဧက ထွန်ယက်စိုက်ပျိုးရန်အတွက် မျိုးစေ့ ၄ ပြည်မှ ၅ ပြည်ခန့်သာ လိုအပ်သည်။ စတင်မြေယာထွန်ယက်ပြုပြင်ချိန်မှ ရိတ်သိမ်းပြီးချိန်အထိ စုစုပေါင်း ကုန်ကျငွေမှာ နေရာဒေသအပေါ် မူတည်ပြီး အနည်းဆုံး ၅ သိန်းမှ ၇ သိန်း ဝန်းကျင်ခန့်ကုန်ကျနိုင်ကြောင်း တွေ့ရှိရသည်။ ပြန်လည်ရောင်းချပါက နေကြာတစ်တင်းလျှင် ငွေကျပ် ၆ သောင်းကျော်မှ ၈ သောင်းဝန်းကျင်အထိ ဈေးကွက်ပေါက်ဈေး ရရှိနိုင်သည့်အတွက် တစ်ဧကလျှင် နေကြာတင်း ၂၀ ခန့် ထွက်ရှိလျှင်ပင် အကျိုးအမြတ်အနေဖြင့် အနည်းဆုံး ငွေကျပ် ၅ သိန်းကျော်ကို အကျိုးအမြတ်ရရှိနိုင်သည်ဖြစ်ရာ ဝင်ငွေရရှိရန် သေချာသော သီးနှံပင်ဖြစ်ပါသည်။

**နိုင်ငံတော်မှ စိုက်ပျိုးစရိတ်အဖြစ် လုံလောက်သောပမာဏကို ထုတ်ချေးပေးထား**

ယခုအခါတွင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်သော အစိုးရကလည်း တောင်သူလယ်သမားဦးကြီးများ၏ ဝင်ငွေတိုးတက်ရရှိစေရန်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးအပ်လျက်ရှိရာ စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါတို့အတွက် တစ်ဧကလျှင် ၃ သိန်းကျပ်၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧက ၂ သိန်းခွဲကျပ်နှင့် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်တို့နှင့် ပတ်သက်၍ တစ်ဧကလျှင် တစ်သိန်းခွဲအထိ ပေးအပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ နေကြာကဲ့သို့သော ဆီထွက်သီးနှံစိုက်ပျိုးရေးကို အားပေးမြှင့်တင်ရန်အတွက် နိုင်ငံတော်အစိုးရက ယခင်ပေးအပ်လျက်ရှိသော တစ်ဧက ငွေကျပ်တစ်သိန်းအစား ယခုကဲ့သို့ ငွေကျပ်နှစ်သိန်းခွဲအဖြစ် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၇ သို့*

- ❁ **မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် နေကြာသီးနှံကဲ့သို့ ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောစားသုံးဆီများကို ပြည်တွင်း၌ ပြည့်ဝစွာထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်**
- ❁ **နေကြာသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏကိုနှိုင်းယှဉ်ပါက အချိုးအစားမြင့်မားပြီး ဆီထွက်ရှိမှုရာခိုင်နှုန်းပိုမိုများပြားသည့်အပြင် နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်းစသည့် အားသာချက်များရှိသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် အထူးသင့်လျော်သော ဆီထွက်သီးနှံဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဇေယျာသီရိမြို့နယ်ရှိ သတင်းစာတိုက်ဝန်ထမ်းများနှင့် တွေ့ဆုံ၊ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များမှ အရာထမ်း၊ အမှုထမ်းများအား သီးခြားစီတွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာများ မှာကြားသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ချက်များအား ပြည်သူလူထုက ထဲထဲဝင်ဝင်သိရှိနားလည်စေရန်နှင့် အသိပညာဗဟုသုတများရရှိစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဓိကကျသော အခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ကျေးလက်နေပြည်သူများအတွက် အကျိုးရှိစေမည့် သတင်းအချက်အလက်များကို ဦးစားပေးထုတ်လွှင့်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region၊ One Product) မူဝါဒဖြင့် အကောင်အထည်ဖော်နေသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကဏ္ဍမှ ပံ့ပိုးကူညီပေးရန်နှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆွဲဆောင်မှုရှိသော အစီအစဉ်များ ဖန်တီးတင်ဆက်သွားရန် လိုအပ်ကြောင်း။

ဝန်ထမ်းများအားလုံးသည် မိမိတို့၏ အတတ်ပညာနှင့်အနုပညာကိုပေါင်းစပ်ကာ နိုင်ငံတော်၏ မူဝါဒများကို ပြည်သူများထံ ထင်သာမြင်သာရှိအောင် ထိရောက်စွာ ပြန်ကြားပေးကြရန်လိုအပ်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို Program များတွင် ထည့်သွင်းရန် လိုအပ်ကြောင်းနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာ မူဝါဒများကို လိုက်နာဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များမှ အရာထမ်း၊ အမှုထမ်းများအား လုပ်ငန်းပိုင်းဆိုင်ရာများ မှာကြားစဉ်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုနေမှုနှင့် water cooling Aircon System တပ်ဆင်ထားရှိမှုတို့ကိုလည်းကောင်း၊ ဝန်ထမ်းများ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရေးနှင့် အပန်းဖြေနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နေပြည်တော်အသံလွှင့်ရုံ အမှတ်(၁)ရှိ မေယု FM ရေဒီယိုနှင့် အမှတ်(၂)ရှိ သပြေရေဒီယို အစီအစဉ်များ ထုတ်လွှင့်နေမှုနှင့် ရေဒီယိုထုတ်လွှင့်ရေး စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကလေးစာဖတ်ခန်း၊ ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျောင်းသူများ လာရောက်စာပေဖတ်ရှုနေမှု၊ စာကြည့်တိုက်အတွင်း စာအုပ်များ စနစ်တကျထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ကာ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးရာ စာရေးဆရာများက အမှတ်တရလက်ဆောင်အဖြစ် ၎င်းတို့ရေးသားထုတ်ဝေထားသည့် စာအုပ်များကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်မှ နေရပ်ပြန်ပြည်သူများအား ထောက်ပံ့ပေးအပ်

**ကလော မေ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ယနေ့တွင် ကလောမြို့မှ ဖယ်ခုံမြို့သို့ သွားရောက်ပြီး ဖယ်ခုံမြို့ သဒ္ဓမ္မသဒ္ဓိ ပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းပြီး မြို့နယ်ခန်းမ၌ ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်တို့သို့ နေရပ်ပြန်ရောက်ရှိလာသော ပြည်သူများအား တွေ့ဆုံကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။



**ပေးအပ်**

နေရပ်ပြန်ပြည်သူများအနက် အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွား ၂၀၆ ဦးအတွက် ငွေကျပ် ၆၁၈၀၀၀၀၊ အသက်(၅)နှစ်အောက်ကလေး ၄၈၄ ဦးအတွက် ငွေကျပ် ၁၄၅၂၀၀၀၀၊ ကိုယ်ဝန်ဆောင် ၃၂ ဦးအတွက် ငွေကျပ် ၉၆၀၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၁၆၆၀၀၀၀နှင့် နေရပ်ပြန်ပြည်သူ အိမ်ထောင်စု ၁၈၁၆ စုမှ လူဦးရေ ၆၅၂၀ အတွက် ဆန်ရိက္ခာဖိုး တစ်လစာ ငွေကျပ် ၁၃၀၄၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး၊ ၁၈၁၆ အိမ်ထောင်စုစာနှင့် တာပေါ်လင်ထုပ် ၆၁ ထုပ်တို့ကို ပြည်ထောင်စုဝန်ကြီးနှင့် နယ်မြေခံ တပ်နယ်မှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လီဆူးတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ကယန်း(ခ) ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်သူများလက်ဝယ်သို့ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေရပ်ပြန်ပြည်သူများကို အားပေးစကားပြောကြားပြီး ဖယ်ခုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဖယ်ခုံပြည်သူ့ဆေးရုံ၌ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်ထောင်စု ဝန်ကြီးသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့သို့ သွားရောက်၍ မန္တလေးလျောင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မှုအဖြစ် အာဆီယံနိုင်ငံများက AHA Center (အဟာစင်တာ) မှတစ်ဆင့် လှူဒါန်းသော အလှူငွေများဖြင့် ဆောင်ရွက်ခဲ့သော အသင့်တပ်ဆင် စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

နေကြာတစ်ဧကေ စိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်တွင် အဓိကကျသော သွင်းအားစုများဖြစ်သည့် မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးများကို ဝယ်ယူဖြည့်တင်းရန်အတွက် လုံလောက်သောပမာဏကို နိုင်ငံတော်မှ စိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးပေးထားပြီး နေကြာစိုက်တောင်သူဦးကြီးများအနေဖြင့် လုပ်အားဝါယမစိုက်ထုတ်ကာ ဖိဖိစီးစီးကြိုးစားဆောင်ရွက်မည်ဆိုပါက မလွဲမသွေ အထွက်နှုန်းကောင်းမွန်မည်ဖြစ်ပါသည်။

**မြေပဲ၊ နှမ်း၊ နေကြာတို့ကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်**

ကျွန်တော်တို့နိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ဖြစ်သည့် စားသုံးဆီများကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေသုံးစွဲနေရသည့်အပြင် ဈေးနှုန်းကြီးမြင့်မှုများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပါက စားသုံးဆီများ ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ပြီး ပြည်တွင်းတွင်လည်း စားသုံးဆီများ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်မည့်အပြင် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်ပါသည်။ စားသုံးဆီကုန်ကြမ်းများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စသည်တို့ကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်ရန်လည်း လိုအပ်ပါသည်။

**နေကြာသီးနှံသည် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားတစ်မျိုးဖြစ်**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများအားလုံး အလုပ်လုပ်ကြရန် လွန်စွာအရေးကြီးကြောင်း နိုင်ငံတော်သမ္မတကြီးကလည်း တိုက်တွန်းပြောကြားခဲ့သည်။ နိုင်ငံတော်အစိုးရ၏ မူဝါဒမှာလည်း ပြည်တွင်းစီးပွားရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝကို မြင့်မားလာစေမည့်အပြင် ပြည်သူတစ်ရပ်လုံးကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ခံစားကြရမည်ဖြစ်ပါသည်။ ဆီထွက်သီးနှံများအနက် နေကြာသီးနှံသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ ရေ/မြေသဘာဝနှင့် အထူးသင့်လျော်ပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နည်းပါးသည့် သီးနှံတစ်မျိုးဖြစ်ပါသည်။ အထွက်နှုန်းကောင်းမွန်သည့်အပြင် ဆီထွက်ရှိမှုနှုန်းလည်း ကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်းဆီစားသုံးမှုဖူလုံရန်အတွက် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားတစ်မျိုးဖြစ်သည်။ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချပေးနိုင်သော သွင်းကုန်အစားထိုး သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့** ဆိုသည့်အတိုင်း ဆီထုတ်နေကြာကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်းအားဖြင့် တောင်သူဦးကြီးများ၊ ဆီစက်ပိုင်ရှင် လုပ်ငန်းရှင်များအပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ရရှိစေနိုင်ပါသည်။ စားသုံးသူပြည်သူများအနေဖြင့်လည်း ဈေးနှုန်းသင့်တင့်စွာဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော နေကြာဆီကို ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်းစားသုံးဆီသုံးစွဲမှုဖူလုံရေးနှင့် စိုက်ပျိုးသူတောင်သူဦးကြီးများ အကျိုးစီးပွားတိုးတက်စေမည့် ဆီထွက်နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

# အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၇**
ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီသည် မေ ၅ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် မေ ၁၂ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် ရန်ကုန်(Auditorium)ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်နွှယ်သည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာ့ကပ်ရောဂါဘေးကာလတွင် ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ လူသားများ၏ အသက်ဘေးအန္တရာယ်များကို ဘေးကင်းလုံခြုံစေရန်ဆောင်ရွက်ခဲ့ပြီး လူသားများ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါကြောင်း၊ အရေးပေါ်လူနာများကို အချိန်မီပြုစုကုသကယ်ဆယ်ရာတွင် သူနာပြုသားဖွားများ၏ ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှု၊ သူနာပြုကျင့်ဝတ်ကို လိုက်နာ၍ နေ့ညမရွေး တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် များစွာ ဂုဏ်ယူကျေနပ်ပါကြောင်း၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကိုပေးရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်ရန် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသားဖွားသင်တန်းကျောင်းနှင့် သူနာပြုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုပြီး ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆေးပညာရှင်တံဆိပ် (တတိယအဆင့်)ရရှိသူ တစ်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်) ရရှိသူ ၃၃ ဦးတို့အား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က ထပ်ဆင့်ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသို့ အလှူငွေများ ပေးအပ်ခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။



ဒုတိယပိုင်း အစီအစဉ်တွင် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့၏ ဆောင်ပုဒ်ဖြစ်သော “One Million More Midwives” (မိခင်နှင့်ကလေး ကျန်းမာရေး၊ သားဖွားဆရာမများ ပိုမိုမွေးထုတ်ပေး)နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဆောင်ပုဒ်ဖြစ်သော “Our Nurses. Our Future. Empowered Nurses Save Lives” (အနာဂတ်ကမ္ဘာ ကျန်းမာဖွံ့ဖြိုးဖို့ သူနာပြုစွမ်းရည်မြှင့်တင်လို့ အသက်ပေါင်းများစွာ ကယ်ဆယ်စို့)တို့ကို မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ရှင်းလင်းပြောကြားကာ သူနာပြုသားဖွားနှင့် သက်ဆိုင်သော ပညာပေးအစီအစဉ်များနှင့် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ကြသည်။ **သတင်းစဉ်**

# ဗို့အားမြင့် ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်

**နေပြည်တော် မေ ၇**
ဗို့အားမြင့် ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်စစ်ဆေးရေးဓာတ်ခွဲခန်းနှင့် လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းခန်းမ၌ ကျင်းပသည်။**(ယာပုံ)**





သင်တန်းဖွင့်ပွဲသို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ အငြိမ်းစားယူခဲ့သည့် ပညာရှင် ဆရာကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်း ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် မိမိတို့၏ လက်တွေ့လုပ်ငန်းခွင်တွင် တွေ့ကြုံခဲ့ရသည့် နည်းပညာဆိုင်ရာ အခက်အခဲများကို အခြေခံ၍ သင်ယူလေ့လာရမည့် ပညာရပ်များဖြင့် ပေါင်းစပ်ကာ ပိုမိုအန္တရာယ်ကင်းသော လုပ်ငန်းခွင်ကို ဖော်ဆောင်နိုင်ခြင်းဖြင့် လျှပ်စစ်အင်ဂျင်နီယာများ၊ လျှပ်စစ်လုပ်ငန်းဆောင်ရွက်သူများ ဖြစ်လာအောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

သင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ ဖြင့် မေ ၇ ရက်မှ ၁၅ ရက်အထိ ဗို့အားမြင့် ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်းသည့် အသိပညာ၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် လျှပ်စစ်ဥပဒေ၊ လျှပ်စစ်နည်းဥပဒေ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများစသည့် ဘာသာရပ် ခုနစ်ခုကို လျှပ်စစ်စစ်ဆေးရေးဌာနမှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိပြီး လက်တွေ့ လျှပ်စစ်လုပ်ငန်းခွင်နှင့် စစ်ဆေးရေးလုပ်ငန်း အတွေ့အကြုံရှိသည့် နည်းပြများက သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၇**
ပြည်တွင်းအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရုံး အမှတ်(၅၁) အလုပ်သမား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

ဦးစွာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက တာဝန်ကျေပွန်ပြီးသော ပြည်သူ့စစ်မှုထမ်းများ၏ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းအတွေ့အကြုံများအရ သင့်လျော်သည့် အလုပ်အကိုင်များနှင့် စနစ်တကျ ချိတ်ဆက်ပေးနိုင်ရေး ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်း၊ စစ်မှုထမ်းကာလ ပြည့်ပြီး ပြည်တွင်းအလုပ်အကိုင် လုပ်ကိုင်လိုသူများ၏ အချက်အလက်များရယူ၍ ၎င်းတို့ ဆန္ဒပြုသည့် အစိုးရဌာန/ ပြည်တွင်းကုမ္ပဏီများတွင် လျှောက်ထားနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီဝင်များ၊ ဝန်ကြီးဌာနများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်၍ အလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း။



လုပ်ငန်း ကော်မတီဝင်များအနေဖြင့် အစိုးရဝန်ထမ်း လုပ်လိုသော ပြည်သူ့စစ်မှုထမ်း တာဝန်ကျေပွန်ပြီးသူများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုကြောင်း၊ ပြည်တွင်း စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီ၊ အလုပ်ဌာနသို့ သွားရောက်လုပ်ကိုင်လိုသူများကိုသက်ဆိုင်ရာ လုပ်ငန်းရှင်၊ စက်မှုဇုန်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ပြည်တွင်း အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီသည် ပြည်သူ့စစ်မှုထမ်း နည်းဥပဒေ ၄၅ နှင့်အညီ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကို ၎င်းတို့၏ မူလအလုပ်အကိုင်ကိုဖြစ်စေ၊ အလုပ်ရှင်က မူလအလုပ်အကိုင်တွင် ပြန်လည်ခန့်ထားရန် အခက်အခဲရှိသည့်အခါ အလားတူ အလုပ်အကိုင်တွင်ဖြစ်စေ ခန့်ထားနိုင်ရေးအတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းသည် ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အပံ့ဖြစ်စေပါကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၇**
မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော် ပြုပြင်မွမ်းမံရေးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် မြေထိန်းနံရံ ကြွခိုင်ရေးလုပ်ငန်းများ၊ တံခွန်တိုင် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရင်ပြင်တော်ပတ်လမ်း ကွန်ကရစ်ခင်းကျင်းနေမှု အခြေအနေနှင့် အရှေ့တောင်ဘက်နှင့် အနောက်တောင်ဘက်တို့ရှိ ဓာတ်လှေကားနှစ်စင်း တည်ဆောက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဥပ္ပါတသန္တိစေတီတော်ပြုပြင်မွမ်းမံရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက ရင်ပြင်တော်ပတ်လမ်း ကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးမှု၊ အောက်ပစ္စယံ၊ အထက်ပစ္စယံကျောက်ကြီးစီ မြေထိန်းနံရံ ကြွခိုင်ရေးလုပ်ငန်း ၆၅ ရာခိုင်နှုန်း ပြီးစီးမှု၊ လိုဏ်ဂူတော်အတွင်း ၂ ပေပတ်လည် စကျင်(Marble) ကျောက်ပြားခင်းကျင်းမှု ၈၀ ရာခိုင်နှုန်း ပြီးစီးမှု၊ စေတီတော်ကြီး၏ စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော် ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရန်အတွက် အလှူရှင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ ဦးဝင်းသန်း - ဒေါ်ရီရီဝင်း သားသမီး မြေးတစ်စုက လှူဒါန်းငွေကျပ်သိန်း ၅၀၀ ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ **သတင်းစဉ်**



# ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များ၌ စပျစ်ဇုန် အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သဲကျွန်းကျေးရွာ၌ စပျစ်စိုက်တောင်သူများ၊ စပျစ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး စပျစ်ဇုန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများမှ စပျစ်ဇုန် အကောင်အထည်ဖော်ရေးတွင် ကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး စပျစ်စိုက်တောင်သူများ၊ စပျစ်လုပ်ငန်းရှင်များ၏ မေးမြန်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးသည်။



ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့တွင် စပျစ်စိုက်ပျိုးလုပ်ကိုင်မှု များပြားလာခြင်းကြောင့် ဆည်ရေသောက်လယ်မြေများပေါ်တွင် စိုက်ပျိုးခြင်းများ ရှိလာသဖြင့် လယ်ယာမြေအပေါ် ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ စိုက်ပျိုးလုပ်ကိုင်မှုများကို လုပ်ငန်းအရှိန်မပျက်စေဘဲ စနစ်တကျဖယ်ရှားနိုင်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုပြီး ဝိုင်စပျစ် စီးပွားဖြစ် စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေးထွက်ကုန် အခြေခံစားသောက်ကုန်ချောထုတ် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် စပျစ်ဇုန် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခု အကောင်အထည်ဖော်ဆောင်မည့် စပျစ်ဇုန်၌ ဝိုင်စပျစ်တစ်မျိုးတည်းကိုသာ စိုက်ပျိုးလုပ်ကိုင်ကြရန်ဖြစ်ပြီး ထွက်ရှိလာမည့် စပျစ်များ ရောင်းချနိုင်ရေးအတွက် လက်ရှိလည်ပတ်နေသော ဝိုင်စက်ရုံမှဝယ်ယူသွားရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်သကဲ့သို့ စိုက်ပျိုးမှုနှင့် ထွက်ရှိနိုင်မှုအပေါ်မူတည်၍ စပျစ်ဝိုင်စက်ရုံများ အချိန်မီ အကောင်အထည်ဖော်ဆောင်နိုင်ရေးကိုပါ စီမံပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာ နှမ်းစံပြစိုက်ခင်းတွင် ဒေသခံနှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ချေးငွေများကို မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ခြင်းဖြင့် လှည့်ပတ်ရန်ပုံငွေအဖြစ် တောင်သူများ အကျိုးရှိစွာ အသုံးပြုနိုင်မှုတို့ကို ရှင်းလင်းပြောကြားပြီး ဆည်ရေသောက်ဧရိယာအတွင်း သီးထပ်စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူမှု လွယ်ကူအဆင်ပြေစေရေးအတွက် ကန့်သတ်ချက်များ ဖြေလျှော့ဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက်သက်ဆိုင်ရာဌာနများ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ယခုနှစ် နွေနှမ်းသီးနှံ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်ထွက်ရှိနိုင်မှု အခြေအနေများကို ဒေသခံတောင်သူများက ဝမ်းမြောက်စွာ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်သိန်း၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များနှင့် ပတ်သက်၍ လုပ်ငန်းရပ် တစ်ခုချင်းအပေါ် ပြည်ထောင်စုဝန်ကြီးက အသေးစိတ် ရှင်းလင်းဆွေးနွေးကာ လတ်တလော ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများနှင့် ဦးစားပေးအလိုက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ စနစ်တကျခွဲခြား အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွိဒသမတန်းလူရည်ချွန်စခန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် မေ ၇**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ဒွိဒသမတန်း လူရည်ချွန်စခန်း ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လူရည်ချွန်စခန်း (Royal President Hotel) ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွိဒသမတန်း နေပြည်တော် လူရည်ချွန်စခန်း မုခ်ဦးကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။(**အောက်ပုံ**)



ယင်းနောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူရည်ချွန်စွမ်းအား"သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိရာ "တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်" ဆိုသည့် အမျိုးသားပညာရေး ရည်မှန်းချက်ကို ချမှတ်ထားရှိပြီး အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ နှစ်ရပ်လုံးအတွက် ဗလငါးတန်တည်းဟူသော ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့်ပြည့်စုံသော လူငယ်များ ပြုစုပျိုးထောင်ရေးကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး လူရည်ချွန်စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ Grade-12 လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိတို့ဒေသ၊ ကျောင်း၊ ပတ်ဝန်းကျင်တွင် အခြားသော ကျောင်းသားကျောင်းသူများ အတုယူရမည့်အမူအကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်းနှင့် နေပြည်တော်လူရည်ချွန်အပန်းဖြေစခန်းမှ ခွန်အားသစ်များရရှိပြီး နိုင်ငံတော်က အားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရေးစဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒွိဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်တပ်ဆင်ပေးခြင်း၊ နေပြည်တော်လူရည်ချွန်စခန်းက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းတို့အား အမှတ်တရ လက်ဆောင် ပစ္စည်းပေးအပ်ခြင်းနှင့် ဒွိဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခြင်းများ ဆောင်ရွက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ပြင်ဦးလွင် လူရည်ချွန်စခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ




**ပြင်ဦးလွင် မေ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်လူရည်ချွန်စခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ပြင်ဦးလွင်မြို့နယ်ရှိ ကန်တော်ကြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားသို့ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ နယ်မြေခံတပ်နယ်ရှိ အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ဆရာ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်လူရည်ချွန်စခန်းကို လူရည်ချွန် ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရင်ထိုးတံဆိပ်များ ပေးအပ်သည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ကိုယ်စား လူရည်ချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ကြပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့သည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ကန်တော်ကြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာများသို့ လှည့်လည်ကြည့်ရှု လည်ပတ်ကြသည်။

မွန်းလွဲပိုင်းအချိန်တွင် ရွှေနန်းထိုက်ဟိုတယ်၌ လူငယ်ရေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူရည်ချွန်မောင်မယ်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များသည် သုမင်္ဂလာဈေးသို့ သွားရောက်လည်ပတ်၍ ပျော်ရွှင်စွာ ဂိမ်းများကစားကြပြီး တာဝန်ရှိသူများက အဆိုပါသုမင်္ဂလာဈေး ဘက်စုံသုံးခန်းမ၌ ဖျော်ဖြေရေး အစီအစဉ်များနှင့်အတူ ညစာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*○ကျောဖုံးမှ*

ဦးစွာ ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်း(ငွေဆောင်)မုခ်ဦးကို ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကား ပြောကြား၍ လူရည်ချွန်မောင်မယ်များကို ရင်ထိုးတံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် လူရည်ချွန်စခန်း (ငွေဆောင်)စခန်းမှူးနှင့် လူရည်ချွန်ကြီးများက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ငွေဆောင်လူရည်ချွန်စခန်းမှူးက လူရည်ချွန်စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများ၏ ကရင်ဒုံးယိမ်းအက၊ လူရည်ချွန် မောင်မယ်များ၏ “ဇာတိမာန်” သီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။



ယင်းနောက် လူရည်ချွန်စခန်း (ချောင်းသာ)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လူရည်ချွန်စခန်း (ချောင်းသာ)မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး လူရည်ချွန်စခန်း(ချောင်းသာ) စခန်းမှူးက လူရည်ချွန်စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များအား ရင်ထိုးတံဆိပ်များ ချီးမြှင့်အပ်နှင်းပြီး လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ပုသိမ်တက္ကသိုလ် ကျောင်းသူလေးများ၏“မမပုသိမ်သူ”သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ လူရည်ချွန်မောင်မယ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်း အားလပ်ချိန်များတွင် ငွေဆောင်လူရည်ချွန် အပန်းဖြေစခန်း၌ လူရည်ချွန်မောင်မယ်များသည် ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်လက်အပန်းပြေစေရေးအတွက် ဘောလုံး၊ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းကစားနည်းများ၊ ရေကူးကစားခြင်းများကို ကြီးကြပ်ဆရာ ဆရာမများ ဦးဆောင်၍ တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဒေသန္တရလေ့လာရေး**

အဆိုပါ လူရည်ချွန်မောင်မယ်များကို ဒေသန္တရဗဟုသုတများ ရရှိစေရန် ပုသိမ်မြို့၊ ငွေဆောင်ဒေသနှင့် အနီးဝန်းကျင်ရှိလူမှုဘဝများ၊ ငါး၊ ပုစွန် ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရိုးရာလက်မှုပညာလုပ်ငန်းများနှင့် အထင်ကရနေရာများကို လေ့လာနိုင်ရေး စီစဉ်ထားရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝေါမြို့နယ်အတွင်း ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်



**ဝေါ မေ ၇**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းက ဝေါမြို့နယ်အတွင်း ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ဝေါမြို့နယ် ကျိုက်လှကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမင်းလွင်၏ ဒေသစပ်စာဖြင့် ဥစားဘဲကောင်ရေ ၃၀၀၀ နှင့် ဥစားကြက်ကောင်ရေ ၇၅၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဥစားကြက်၊ ဥစားဘဲနှင့် ဒေသကြက်တို့ မွေးမြူနိုင်ရေး မွေးမြူရေးလုပ်ငန်းရှင်အသစ်များ ပေါ်ထွက်လာစေရေး စည်းရုံးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရက်(၁၀၀)အတွင်း ဆောင်ရွက်လျက်ရှိသော ဝေါမြို့နယ် နောင်ပတ္တရာကျေးရွာအုပ်စုရှိ ရေကြီးရေနက်ကွင်းများအား ရေတော်မိုးတော်လယ်မြေများအဖြစ် အဆင့်မြှင့်တင်ပေးရန် လှေလမ်းရိုးချောင်း ရေထုတ်မြောင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး(ဝဲပုံ) ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရွက်ဖျန်းသဘာဝမြေသြဇာများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး အသိပညာပေး ပြောကြားကာ ကျေးလက်ကုန်ထုတ်လမ်း တာပေါင်တစ်လျှောက် သီးပင်စားပင်များ စိုက်ပျိုးရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Tariq Karim နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန်နိုင်ငံတို့အကြား ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံအကြား အဆက်အသွယ်ဘဏ်များ တည်ထောင်ရန်၊ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာအကူအညီများ ပံ့ပိုးရန်၊ နှစ်နိုင်ငံဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များအတွက် ပါဝင်ကူညီဆောင်ရွက်ရန်နှင့် နိုင်ငံခြားငွေကြေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားပြတိုက်(နေပြည်တော်)အား ကြည့်ရှုစစ်ဆေး

# မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မေ ၇**

ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်၍ အမျိုးသားပြတိုက်(နေပြည်တော်)၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



**ပြင်ဆင်မှုကို အရှိန်မြှင့်တင်**

ဦးစွာ အမျိုးသားပြတိုက်တာဝန်ခံက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မန္တလေးလျှောင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပြတိုက်ခန်းမများ၊ ပြသပစ္စည်းများ ပြင်ဆင်မှုကို အရှိန်မြှင့်တင်ကာ တိုးချဲ့ဖွင့်လှစ်သွားနိုင်ရေး ဆောင်ရွက်ရန်၊ သီဟာသနပလ္လင်ပြခန်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားရန်၊ လာရောက်ကြည့်ရှုသူဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန်နှင့် အမျိုးသားပြတိုက်(နေပြည်တော်)ကို အများပြည်သူ ပိုမိုသိရှိလာကြစေရန် ပြခန်း တစ်ခုချင်းစီအလိုက် ပြသပစ္စည်းများကို မီဒီယာများမှတစ်ဆင့် တင်ဆက်ပြသနိုင်ရေး ဆောင်ရွက်သွားရန်၊ ကျောင်းသားလူငယ်များမှအစ မြန်မာပြည်သူလူထုအနေဖြင့် တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို သိရှိကြစေရန်အတွက် ပရိုင်းမိတ်များ မြန်မာ့မြေပေါ်တွင် စတင်ဖြစ်ပေါ်လာသည်မှစ၍ ခေတ်အဆက်ဆက် ယဉ်ကျေးမှုများ တိုးတက်ထွန်းကားလာကြောင်းကို ပညာပေးခြင်းဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာကြစေရေး ဆောင်ရွက်သွားရန်နှင့် အမျိုးသားပြတိုက်(နေပြည်တော်)ကို နေပြည်တော်ကောင်စီနယ်မြေ၏ ခရီးသွားများ လေ့လာလည်ပတ်စရာ နေရာတစ်ခုအဖြစ် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၎င်းစုဆောင်းထားရှိသည့် ရေဝတီကျောက်လွှာထုမှ တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းအား အမျိုးသားပြတိုက်တွင် ပြသနိုင်ရေး လှူဒါန်းရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြတိုက်တာဝန်ခံတို့က လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြတိုက်တွင် ဖွင့်လှစ်ပြသထားသည့် ပြခန်းများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံ ပိုင်းဆိုင်ရာများ ပြန်လည်ပြုပြင် ထိန်းသိမ်းနေမှုများကိုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Tariq Karim အား နေပြည်တော်ရှိ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် ၃၃ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ မြန်မာနိုင်ငံမှ ပုဂံမြို့နှင့် ပါကစ္စတန်နိုင်ငံမှ တက္ကသီလာမြို့ (Taxila) တို့ကို ညီအစ်မမြို့တော် (Sister City) အဖြစ် ထူထောင်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဘာသာရေးအခြေခံ ခရီးသွားလုပ်ငန်းများနှင့် ဘာသာရေးဆိုင်ရာ ခရီးစဉ်များ အပြန်အလှန် စီစဉ်ဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းအပြင် အထည်အလိပ်လုပ်ငန်းများနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ခရီးသွားပြည်သူများ အပြန်အလှန် သွားလာလည်ပတ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံရှိ ခရီးသွားဆွဲဆောင်ရာ နေရာများကို မီဒီယာများမှ တစ်ဆင့် မြှင့်တင်ကြော်ငြာပေးသွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် နောင်ချိုမြို့နယ်ရှိ ဆရာ ဆရာမများနှင့် တွေ့ဆုံ

**နောင်ချို မေ ၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ နောင်ချိုမြို့နယ်ရှိ မြို့နယ်ပညာရေးမှူး၊ ထက်/လယ်/မူ ကျောင်းအုပ်ကြီးများ၊ သင်ကြားရေး ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။(ယာပုံ)



ဦးစွာ ဒုတိယဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် ကျောင်းများတွင် စာသင်ကြားသည်သာမက အသိပညာ၊ အတတ်ပညာများကို ကျောင်းသားလူငယ်များ တတ်ကျွမ်း နားလည်အောင် စေတနာထား သင်ကြားရမည်ဖြစ်ကြောင်း၊ မိဘ၊ ဆရာ၊ ကျောင်းသားအားလုံး ပူးပေါင်း၍ အရည်အသွေးရှိသော ပညာရေးစနစ် ပေါ်ပေါက်လာစေရေး ဝိုင်းဝန်းဆောင်ရွက် ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဂရုပြုရမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့်မရရှိခဲ့သော ကျောင်းပြင်ပရောက် ကလေးများကို ကျောင်းပြင်ပ ပညာရေး အစီအစဉ်ဖြင့် ပညာဆက်လက်သင်ကြားခွင့်ရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆရာ ဆရာမများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နောင်ချိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နမ့်ဆောင်ဟူးသို့ သွားရောက်ပြီး ကျောင်းဆောင်များ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု သူဌေးကုန်းကျေးရွာ မီးဘေးကြောင့် ထိခိုက်ပျက်စီးနေအိမ်များအား ထောက်ပံ့

**နေပြည်တော် မေ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် နေပြည်တော် ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု သူဌေးကုန်းကျေးရွာမီးဘေးကြောင့် ထိခိုက်ပျက်စီးနေအိမ်ရှစ်လုံးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။(ယာပုံ)




ထိုသို့ ထောက်ပံ့ရာတွင် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ဘေးသင့်လူဦးရေ ၃၁ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၅၅၀၀၀၊ သေဆုံးသူ တစ်ဦးအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်း၊ ဒဏ်ရာရသူ နှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၅၅၅၀၀၀နှင့် အိမ်ထောင်စု ၁၃ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၃ ပုံးကို ခေတ္တကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် သူဌေးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှိ ဘေးသင့်ပြည်သူများထံ သွားရောက်ထောက်ပံ့၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မြေဆီလွှာ အာဟာရဓာတ်အကြောင်း သိကောင်းစရာ

ဒေါက်တာဆွေဆွေမာ (YAU)

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများသည် သဘာဝပတ်ဝန်းကျင်၏ နှလုံးသားကဲ့သို့ အသက်ဝင်လျက်ရှိနေပါသည်။ ထိုဒေသများ၏ အသက်မွေးဝမ်းကျောင်းမှု၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူနေမှုဘဝတို့သည် မြေဆီလွှာဟုခေါ်သော အသက်ရှင်နေသည့် ဇီဝဗေဒဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ခုအပေါ် အခြေခံ၍တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ဤမြေဆီလွှာသည် ရာသီဥတု၊ အပင်များ၊ မြေဆီလွှာအတွင်းရှိ အဏုဇီဝသက်ရှိများနှင့် သဘာဝအခြေအနေများ၏ နှစ်ထောင်ပေါင်းများစွာ ကြာမြင့်သော သန့်ရှင်းသည့်ဖြစ်စဉ်များဖြင့် ဖွဲ့တည်လာခဲ့သည့် သဘာဝ၏ အံ့ဖွယ်အမွေအနှစ်တစ်ခုဖြစ်ပါသည်။ မြေဆီလွှာသည် အပင်များကြီးထွားနိုင်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်၊ ရေကိုစုပ်ယူနိုင်ရန်နှင့် သဘာဝဓာတ်များ ပြန်လည်စီးဆင်းစေရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

ယခုခေတ်တွင် အနာဂတ်အတွက် ထည့်သွင်းမစဉ်းစားကြသော လူသားများ၏ လုပ်ရပ်ကြောင့် ဤမြေဆီလွှာကြီးသည် အလွန်အမင်း ထိခိုက်နစ်နာပျက်စီးလျက်ရှိပါသည်။ မြေယာပေါ်တွင် သီးနှံပင်များကို အလွန်အကျွံစိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာအစား ဓာတုမြေဩဇာများကို လိုသည်ထက်ပို၍ အသုံးပြုခြင်း၊ မြေဆီလွှာပျက်စီးမှုကို ကာကွယ်ပေးသည့် သဘာဝအပင်များကို ဖယ်ရှားခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများကို လျစ်လျူရှုခြင်းတို့က မြေဆီလွှာ၏ အရည်အသွေးကို တစ်နေ့ထက်တစ်နေ့ ကျဆင်းစေလျက်ရှိပါသည်။

မြေဆီလွှာ၏သော့ချက် ဇီဝအဖွဲ့အစည်းများ ပျက်စီးလာခြင်း၊ သီးနှံများစုပ်ယူနိုင်သည့် အာဟာရဓာတ်များ ကုန်ခန်းလာခြင်း၊ မြေပြိုခြင်းတို့သည် မြေဆီလွှာပျက်စီးခြင်းကို အဓိကဖြစ်ပေါ်စေပြီး ကျေးလက်လူထု၏ အသက်မွေးဝမ်းကျောင်းမှုကို တိုက်ရိုက်ခြိမ်းခြောက်နေပါသည်။

မြေဆီလွှာကို ကာကွယ်ခြင်းသည် ကျွန်ုပ်တို့၏ အနာဂတ်ကို ကာကွယ်ခြင်းပင် ဖြစ်ပါသည်။ သို့ရာတွင် ယနေ့အချိန်၌ မြန်မာနိုင်ငံ၏ မြေဆီလွှာသည် တစ်နေ့ထက်တစ်နေ့ အားနည်းလာသောအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ မြေဆီလွှာသည် သဘာဝအတိုင်း ပြန်လည်ပြုပြင်နိုင်ရန် နှစ်ထောင်ပေါင်းများစွာ ကြာမြင့်နိုင်သော်လည်း လူသားတို့၏ မတားဆီးနိုင်သောလုပ်ရပ်များကြောင့် ယင်းသည် ပြန်လည်မပြုပြင်နိုင်အောင် ပျက်စီးနေပါသည်။

ထို့ကြောင့် မြေဆီလွှာကိုကာကွယ်ရန်၊ ပြန်လည်ထူထောင်ရန်အတွက် သဘာဝနှင့်ဟန်ချက်ညီသော စိုက်ပျိုးရေးစနစ်များကို အသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ရန် လိုအပ်နေပါပြီ။ မြေဆီလွှာအာဟာရဓာတ် ဆုံးရှုံးမှုဆိုသည်မှာ ရိုးရိုးရှင်းရှင်း မြေဩဇာဓာတ်လျော့နည်းခြင်းမျှမကဘဲ ပိုမိုနက်ရှိုင်းသော ဂေဟစနစ်ပျက်စီးမှုတစ်ရပ်လည်းဖြစ်သည်။ သစ်တောပြုန်းတီးမှုက မိုးရေတိုက်စားခံရမှုကို အရှိန်မြှင့်ပေးပြီး မြေဆီလွှာ၏ အဖိုးတန်အပေါ်ယံလွှာကို မြစ်ချောင်းများထဲသို့ သယ်ဆောင်သွားသည်။

ဤသို့ဖြင့် ဧကပေါင်းများစွာသော မြေဆီလွှာများက မြန်မာနိုင်ငံ၏ မြစ်ဝကျွန်းပေါ်ဒေသများသို့ နှစ်စဉ်စီးဆင်းလျက် ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါသည်။ ဤဆုံးရှုံးမှုသည် စာရင်းဇယားများဖြင့် မှတ်တမ်းတင်နိုင်သည်ထက် ပိုမိုကြီးမားသည်။ ယင်းသည် မျိုးဆက်ပေါင်းများစွာ ဖွဲ့တည်လာခဲ့သော သဘာဝအမွေအနှစ်တစ်ရပ် ပျောက်ကွယ်ရခြင်းပင်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းသည် လူ့အဖွဲ့အစည်း၏ အခြေခံအသက်မွေးဝမ်းကျောင်းမှုဖြစ်ပြီး ယနေ့ခေတ်တွင် နည်းပညာတိုးတက်မှုများနှင့်အတူ ခေတ်မီသော စိုက်ပျိုးရေးနည်းလမ်းများ မြန်မြန်ဆန်ဆန် ဝင်ရောက်လာခဲ့ပါသည်။ ထိုနည်းလမ်းများတွင် “ဓာတုမြေဩဇာ” များကို အသုံးပြုခြင်းသည် အထင်ရှားဆုံးဖြစ်ပြီး တောင်သူများက သီးနှံများ၏ အထွက်နှုန်းကို တိုးတက်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဓာတုမြေဩဇာများအပေါ် မှီခိုလာကြပါသည်။ သို့သော် ဤဓာတုမြေဩဇာများကို နားလည်မှုလွဲမှားစွာ အလွန်အကျွံအသုံးပြုမိပါက မြေဆီလွှာအပေါ် ပြင်းထန်သော ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။ ဓာတုမြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာညစ်ညမ်းမှုဖြစ်လာပြီး မြေဆီလွှာမှ သဘာဝအတိုင်း အာဟာရဓာတ်များကို ထုတ်လုပ်နိုင်မှုမှာ ကျဆင်းလာပါသည်။ မြေဆီလွှာအတွင်းရှိ အဏုဇီဝသက်ရှိများ သေဆုံးသွားခြင်း၊ မြေဆီလွှာ၏ ချဉ်ငန်ကိန်းတန်ဖိုး ပြောင်းခြင်းတို့ကြောင့် မြေဆီလွှာ၏ အာဟာရဓာတ်ပါဝင်မှုအပေါ် ထိခိုက်မှုများ တဖြည်းဖြည်း ဖြစ်ပေါ်လာစေပါသည်။

ထို့ပြင် သီးနှံတစ်မျိုးတည်းကို ဆက်တိုက်စိုက်ပျိုးသည့်စနစ်သည်လည်း မြေဆီလွှာအတွက် ပြဿနာကြီးတစ်ရပ်ဖြစ်ပါသည်။ ဤနည်းဖြင့် မြေဆီလွှာမှသီးနှံတစ်မျိုးကို အထောက်အပံ့ပေးသည့် အာဟာရဓာတ်များ ဆက်တိုက်စုပ်ယူမိပြီး အခြားအာဟာရဓာတ်များမှာ မလိုအပ်ဘဲ စုပုံနေတတ်ပါသည်။ ဥပမာအားဖြင့် ဆန်စပါးကို နှစ်ပေါင်းများစွာ တစ်နေရာတည်းတွင် စိုက်ပျိုးပါက မြေဆီလွှာမှ အိုင်းယွန်း၊ ပိုတက်ဆီယမ်နှင့် ဇင့်ဓာတ်များ ချို့တဲ့လာတတ်ပါသည်။

နောက်ဆုံးတွင် မြေဆီလွှာသည် အာဟာရဓာတ်များ မညီမျှမှုကြောင့် သီးနှံများ ကြီးထွားရန်ခက်ခဲသည့် မကျန်းမာသော ပတ်ဝန်းကျင်တစ်ခုဖြစ်လာပါသည်။ ထိုကဲ့သို့သော အခြေအနေတွင် မည်သည့်မြေဩဇာကိုမဆို ထပ်မံထည့်သွင်းပေးသော်လည်း အထွက်နှုန်းသည် နှစ်တိုင်းကျဆင်းလာပြီး စီးပွားရေးအရ တည်ငြိမ်မှုမရှိသော အခြေအနေကို ရင်ဆိုင်လာရပါသည်။



ပိုတက်ဆီယမ်နှုန်းထားအမျိုးမျိုးနှင့် ထည့်သွင်းချိန်အမျိုးမျိုးတို့ကြောင့် ပဲပုပ်သီးနှံ၏ အထွက်နှုန်းနှင့် အထွက် မိတ်ဖက်လက္ခဏာများအပေါ် အကျိုးသက်ရောက်မှုကို လေ့လာစဉ်။

**“သီးနှံအလှည့်ကျစိုက်ပျိုးခြင်းသည် မြေဆီလွှာမှ အာဟာရဓာတ်များ မညီမျှမှုကို ကာကွယ်ပေးပြီး ပိုးမွှားနှင့်ရောဂါများကို သဘာဝအတိုင်း ထိန်းချုပ်နိုင်ပါသည်။ မြေကိုဖုံးအုပ်ထားသည့် မြေဆီထိန်းသီးနှံများကို စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်ပြီး မြေဆွေးဖြစ်စေကာ အော်ဂဲနစ်ကာဗွန်ကို တိုးမြှင့်ပေးပါသည်။ လယ်ကွင်းဘေးတွင် မြေဆီလွှာကို ထိန်းသိမ်းနိုင်သော၊ လေကာနိုင်သော သစ်ပင်များစိုက်ပျိုးခြင်းသည် မြေပြိုခြင်းကို ကာကွယ်ပေးပြီး မြေဆီလွှာကို ရေနှင့်လေတို့၏ တိုက်စားမှုမှ ကာကွယ်ပေး”**

ဤပြဿနာများကို ဖြေရှင်းနိုင်သည့် နည်းလမ်းများရှိပါသည်။ ထိုနည်းလမ်းမှာ ရိုးရှင်းလွယ်ကူသည်ထက် စနစ်ကျပြီး စဉ်ဆက်မပြတ် အားထုတ်လုပ်ဆောင်မှုနှင့် နားလည်လက်ခံမှုတို့ဖြစ်သည်။ အခြေခံအကျဆုံးနည်းလမ်းမှာ မြေဆီလွှာ၏ အခြေအနေကို သိရှိရန်ဖြစ်ပါသည်။ မြေဆီလွှာစစ်ဆေးခြင်းမှာ ဆေးကုသရန်အတွက် ရောဂါရှာဖွေခြင်းကဲ့သို့ပင် အရေးပါပါသည်။ မြေဆီလွှာမှ မြေနမူနာများယူ၍ ဓာတ်ခွဲခန်းတွင် စစ်ဆေးပါက မည်သည့် အာဟာရဓာတ်ချို့တဲ့နေသည်၊ မည်မျှပမာဏ ဖြည့်တင်းရမည်၊ မြေဆီလွှာ၏ ချဉ်ငန်ကိန်းတန်ဖိုး မည်မျှရှိနေသည်၊ အော်ဂဲနစ်ကာဗွန်ပါဝင်မှု ပမာဏရှိနေသည် စသည်တို့ကို သိရှိနိုင်ပါသည်။ ဤအချက်အလက်များကိုအခြေခံ၍ တောင်သူများက ဓာတ်မြေဩဇာကို အမှန်တကယ်လိုအပ်သော ပမာဏဖြင့်သာ ထည့်သွင်းနိုင်ပြီး အလွန်အကျွံ အသုံးပြုမှုကို ရှောင်ရှားနိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဓာတ်မြေဩဇာကုန်ကျစရိတ် သက်သာစေရုံသာမက မြေဆီလွှာကိုလည်း ကျန်းမာစေပြီး ရေရှည်တွင် အထွက်နှုန်းကိုပါ မြှင့်တင်နိုင်ပါသည်။

နောက်ထပ် အရေးကြီးသော နည်းလမ်းတစ်ခုမှာ အော်ဂဲနစ်စိုက်ပျိုးရေးသို့ ပြန်လည်ဦးတည်ခြင်းဖြစ်ပါသည်။ သဘာဝအခြေခံမြေဩဇာများ၊ ဇီဝမြေဩဇာများ၊ မြေဆွေးများ၊ အော်ဂဲနစ်ကာဗွန်များကို အသုံးပြုခြင်းဖြင့် မြေဆီလွှာအတွင်းရှိ အဏုဇီဝ သက်ရှိလှုပ်ရှားမှုများကို ပြန်လည်နိုးကြားစေပါသည်။ ဤအဏုဇီဝသက်ရှိများသည် အာဟာရဓာတ်များကို သဘာဝအတိုင်း ပြန်လည်စီးဆင်းစေပြီး မြေဆီလွှာ၏ဖွဲ့စည်းပုံကို ပိုမိုကောင်းမွန်စေကာ ရေသိုလှောင်နိုင်စွမ်းကို မြှင့်တင်ပေးပါသည်။ အော်ဂဲနစ်မြေဩဇာများသည် ဓာတုမြေဩဇာများကဲ့သို့ ချက်ချင်းသက်ရောက်မှုမရှိသော်လည်း ရေရှည်တွင် မြေဆီလွှာကိုသဘာဝအတိုင်း ပြန်လည်နုပျိုစေပြီး အာဟာရဓာတ်များကို ဖြည်းညင်းစွာထုတ်လွှတ်ပေးသဖြင့် မြေဆီလွှာ၏ ကျန်းမာရေးကို ပိုမို၍ ကောင်းမွန်လာစေပါသည်။

စိုက်ပျိုးနည်းစနစ်များကို ပြောင်းလဲခြင်းသည်လည်း အလွန်ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ သီးနှံအလှည့်ကျ စိုက်ပျိုးခြင်းသည် မြေဆီလွှာမှ အာဟာရဓာတ်များ မညီမျှမှုကို ကာကွယ်ပေးပြီး ပိုးမွှားနှင့်ရောဂါများကို သဘာဝအတိုင်း ထိန်းချုပ်နိုင်ပါသည်။ မြေကိုဖုံးအုပ်ထားသည့် မြေဆီထိန်းသီးနှံများကို စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်ပြီး မြေဆွေးဖြစ်စေကာ အော်ဂဲနစ်ကာဗွန်ကို တိုးမြှင့်ပေးပါသည်။ လယ်ကွင်းဘေးတွင် မြေဆီလွှာကို ထိန်းသိမ်းနိုင်သော၊ လေကာနိုင်သော သစ်ပင်များ စိုက်ပျိုးခြင်းသည် မြေပြိုခြင်းကို ကာကွယ်ပေးပြီး မြေဆီလွှာကို ရေနှင့်လေတို့၏ တိုက်စားမှုမှ ကာကွယ်ပေးပါသည်။ ဤနည်းလမ်းများသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အခြေခံအုတ်မြစ်သဖွယ်ဖြစ်ပြီး သဘာဝနှင့်ဟန်ချက်ညီသော စိုက်ပျိုးရေးစနစ်ကို တည်ဆောက်ပေးပါသည်။

ခေတ်မီနည်းပညာများဖြစ်သည့် တိကျမှန်ကန်သော စိုက်ပျိုးရေးလုပ်ဆောင်မှုများနှင့် ပေါင်းစပ်အာဟာရစီမံခန့်ခွဲမှုတို့သည် ဤလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စေရန် အထောက်အကူပြုပါသည်။ GPS နှင့် ဒရုန်းများကို အသုံးပြု၍ မြေဆီလွှာ၏ တိကျသောလိုအပ်ချက်ကို ခွဲခြားသိရှိပြီး မြေဩဇာနှင့်ရေကို လိုအပ်သလိုအကျိုးရှိရှိ အသုံးချနိုင်ပါသည်။ ပေါင်းစပ်အာဟာရစီမံခန့်ခွဲမှုစနစ်တွင် ဓာတုမြေဩဇာ၊ အော်ဂဲနစ်မြေဩဇာနှင့် ဇီဝမြေဩဇာများကို ပေါင်းစပ်အသုံးပြုကာ မြေဆီလွှာ၏ ကျန်းမာရေးကို ပြန်လည်ကောင်းမွန်လာစေနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် နည်းပညာများ ဖြန့်ဝေပေးခြင်းနှင့် သိရှိနားလည် လက်ခံခြင်းတို့သည် အလွန်အရေးကြီးပါသည်။ တောင်သူများအား မြေဆီလွှာ၏ အရေးပါမှု၊ မြေဆီလွှာစစ်ဆေးခြင်း၏ အကျိုးကျေးဇူးများ၊ အော်ဂဲနစ်စိုက်ပျိုးရေးနှင့် ခေတ်မီနည်းစနစ်များကို လက်တွေ့အသုံးချတတ်စေရန်အတွက် သင်ကြားပေးရန် လိုအပ်ပါသည်။ ကျေးလက်ဒေသလူငယ်များအား ဤနည်းပညာများကို သင်ကြားပေးခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို ဦးဆောင်နိုင်သည့် မျိုးဆက်သစ်တစ်ရပ်ကို မွေးထုတ်နိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြေဆီလွှာ၏ အာဟာရဓာတ်ဆုံးရှုံးမှုပြဿနာသည် တစ်ဦးတစ်ယောက်တည်း၏ ပြဿနာမဟုတ်ဘဲ ကျွန်ုပ်တို့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုကို တောင်းဆိုနေသည့် အများနှင့်ဆိုင်သော ပြဿနာဖြစ်ပါသည်။ မြေဆီလွှာ၏ အာဟာရဓာတ် ထိခိုက်ပျက်စီးဆုံးရှုံးစေနိုင်သော ပြဿနာကို စနစ်တကျဖြေရှင်းနိုင်ပါက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ပိုမိုခိုင်မာပြီး ရေရှည်တည်တံ့သော စီးပွားရေး အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာသန်စွမ်းသော မြေဆီလွှာသည် ကျန်းမာသန်စွမ်းသော လယ်သမားများ၊ ကျန်းမာသောအစားအစာများနှင့် ကျန်းမာသော နိုင်ငံတော်တစ်ခုအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် မြေဆီလွှာကို ကာကွယ်ခြင်းသည် ကျွန်ုပ်တို့၏ အနာဂတ်ကို ကာကွယ်ခြင်းပင် ဖြစ်ပါသည်။ ။

# ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၇

ကျောင်းသားကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၇ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်၌ ပါဝင်သည့် ရေကြောင်းဝေါဟာရကျောက်ဆူးနှင့် ကျောက်ကြိုးသင်ခန်းစာ၊ ရေယာဉ်ကိုင်တွယ် မောင်းနှင်မှုနှင့် တက်မထိန်းသင်ခန်းစာ၊ ရေကူးဘာသာရပ်၌ ပါဝင်သည့် ခြေခတ်၊ လက်ဆွဲမြေပြင်သင်ခန်းစာ၊ ပက်လက်ကူး၊ ပေါင်းစပ်ကူးခတ်ခြင်း၊ မှောက်လျက်ကူး သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၈၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၃၅ ဦး၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၀၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်းသူ ၇၅ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။





အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀) နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်း သင်တန်းသား ၁၀၄၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မော်တီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၆၃ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ တောင်ကြီးမြို့ရှိ တောင်ကြီး သင်တန်းစခန်းမှ သင်တန်းသား ၆၀၊ တောင်ငူမြို့ရှိ တောင်ငူ သင်တန်းစခန်းမှ သင်တန်းသား ၆၀၊ မုံရွာမြို့ရှိ မုံရွာသင်တန်း စခန်းမှ သင်တန်းသား ၅၀၊ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦး၊ မိတ္ထီလာမြို့ရှိ မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ နေပြည်တော် ကောင်စီနယ်မြေရှိ နေပြည်တော် သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးနှင့် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံ သင်တန်းစခန်းမှ သင်တန်းသား ၅၀ တို့အား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်း စခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကလေးမြို့၌ အမျိုးသမီးများအတွက် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်ပညာသင်တန်းဖွင့်

ကလေး မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ကလေးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်ပညာသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက်က အဆိုပါကျောင်းသင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး၊ ကလေးခရိုင် ရဲတပ်ဖွဲ့မှူး၊ (ယာယီ)ဒုတိယ ရဲမှူးကြီး စောမြင့်က သင်တန်းတွင် သင်တန်းသူများကို ကျောင်းအိပ်၊ ကျောင်းစားစရိတ်ငြိမ်းဖြင့် သင်ထောက်ကူပစ္စည်း ၃၈ မျိုး ထောက်ပံ့ပေးကာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းပြောကြားပြီး သင်တန်းခန်းမတွင် နမူနာလက်ရာအထည်များ၊ လက်မှုလက်ရာများ၊ သင်ထောက်ကူပစ္စည်း ခင်းကျင်းပြသထားရှိမှုများကို တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုကြသည်။ (ဝဲပုံ)



အဆိုပါ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်ပညာသင်တန်းကို မေ ၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ သင်တန်းသူ ၃၀ ကို ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

◆ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## "ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၇

"ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မေ ၉ ရက် (စနေနေ့) နံနက် ၁၁ နာရီ တွင် MRTV-HD Channel မှ ရန်ကုန်မြို့ အမှတ်(၂) လှိုင် မူလတန်းကြိုကျောင်းနှင့် အမှတ်(၂) ရွှေပြည်သာ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် မေ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV - HD Channel တွင် မေ ၁၁ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် ထပ်မံပြသမည်ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကဆက်ပြည်နယ်၌ ချစ်ပ်စက်ရုံတည်ဆောက်ရန် SpaceX က ဒေါ်လာ ၅၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**နယူးယောက် မေ ၇**

အလိုအလျောက် မောင်းနှင်နိုင်သည့် နည်းပညာနှင့်လူပုံစံတူစက်ရုပ်များအတွက် လိုအပ်သည့်ချစ်ပ်များ ထုတ်လုပ်ရန် အမေရိကန်ပြည်ထောင်စုတက္ကဆက်ပြည်နယ်၌ တစ်ပိုင်းလျှပ်ကူးပစ္စည်း စက်ရုံတည်ဆောက်နိုင်ရေး အီလွန်မက်စ်၏ SpaceX ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ဘီလီယံ ဆယ်ဂဏန်းနှင့်ချီ၍ ရင်းနှီးမြှုပ်နှံသွားမည်ဟု သိရသည်။

SpaceX ကုမ္ပဏီသည် စက်ရုံတစ်ရုံတည်ဆောက်ရန် စီစဉ်ထားပြီး ပထမအဆင့်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။ နောက်ထပ်အဆင့်များ ဆက်လက်အကောင်အထည်ဖော်ပါက စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံအထိ ရှိလာနိုင်ကြောင်း မေ ၆ ရက်တွင် တက္ကဆက်ပြည်နယ် ဂရိုင်းစ်ဒေသအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်အရ အဆိုပါစီမံကိန်းသည် အမေရိကန်နိုင်ငံ၏ ပြည်တွင်း တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်နိုင်စွမ်းကို အဆင့်မြှင့်တင်ပေးမည့် အရေးပါသည့်ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။



အီလွန်မက်စ်က ၎င်း၏ Terafab စီမံကိန်းအတွက် အကြီးစားချစ်ပ်ထုတ်လုပ်ရေး စက်ရုံတည်ဆောက်မည်ဖြစ်ကြောင်း မတ်လအတွင်းက ကြေညာခဲ့သည်။ ယင်းစီမံကိန်းကို လျှပ်စစ်ကားထုတ်လုပ်သည့် Tesla နှင့် အေအိုင်နှင့်လူမှုကွန်ရက်မီဒီယာ xAI တို့နှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်မည်ဖြစ်သည်။

အီလွန်မက်စ်၏ ကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာ နည်းပညာပြိုင်ဆိုင်မှုပြင်းထန်လာနေချိန်တွင် အလိုအလျောက်မောင်းနှင်နိုင်သည့်နည်းပညာများ၊ လူပုံစံတူ စက်ရုပ်များနှင့် AI နည်းပညာဖွံ့ဖြိုးရေးအတွက် အဆင့်မြင့်ချစ်ပ်များကို ကိုယ်တိုင်ထုတ်လုပ်နိုင်ရေး ရည်ရွယ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျော်ဒန်နိုင်ငံက ထောက်ပံ့ရေးယာဉ် ၁၈ စီး လက်ဘနွန်သို့ပို့ဆောင်

**အမ္မာန် မေ ၇**

ဂျော်ဒန်နိုင်ငံသည် မေ ၇ ရက်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တင်ဆောင်ထားသည့် ထရပ်ကား ၁၈ စီးပါဝင်သော ယာဉ်တန်းတစ်ခုကို လက်ဘနွန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။

ယင်းသည် အခက်အခဲများ ကြုံတွေ့နေရသည့် အိမ်နီးချင်းနိုင်ငံသို့ အရေးပေါ်တုံ့ပြန်မှုအစီအစဉ်အောက်မှ စတုတ္ထမြောက် အကူအညီပေးရေးမစ်ရှင်လည်းဖြစ်ကြောင်း ဂျော်ဒန်ဟာရှမိုက် ပရဟိတအဖွဲ့ (JHCO)က ပြောကြားခဲ့သည်။

အဆိုပါယာဉ်တန်းတွင် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ၊ မွေးကင်းစကလေးများအတွက် ဖော်မြူလာနို့မှုန့်များနှင့် မရှိမဖြစ်လိုအပ်သည့် ရိက္ခာပစ္စည်းများ ပါဝင်သည်။ ယခုတစ်ကြိမ်ပေးပို့မှုအပါအဝင် ဂျော်ဒန်နိုင်ငံသည် လက်ဘနွန်သို့ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသည့် ထရပ်ကား စုစုပေါင်း ၇၈ စီး ပေးပို့ခဲ့ပြီးဖြစ်ကြောင်း JHCO က ထုတ်ပြန်ခဲ့သည်။

JHCO ၏ အထွေထွေအတွင်းရေးမှူးက ယခုကဲ့သို့ ဆက်တိုက်အကူအညီပေးပို့နေခြင်းသည် အကျပ်အတည်းကာလများအတွင်း ဒေသတွင်းမိတ်ဖက်နိုင်ငံများကို ကူညီထောက်ပံ့ရန် ဂျော်ဒန်နိုင်ငံ၏ ကတိကဝတ်ကို ထင်ဟပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း အစ္စရေး နှင့် လက်ဘနွန်တို့ကြား အပစ်အခတ်ရပ်စဲရေး ပျက်သုဉ်းသွားပြီးနောက် လက်ဘနွန်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်း ဆက်လက်ကျဆင်း

**ဗီယင်ကျန်း မေ ၇**

လူမှုစီးပွားဆိုင်ရာ အကြောင်းရင်းများကြောင့် လာအိုနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်း ဆက်လက်ကျဆင်းလာခဲ့ကြောင်း သိရသည်။ ဒစ်ဂျစ်တယ် အချက်အလက်စုဆောင်းခြင်းနည်းလမ်းဖြင့် ပထမဆုံးကောက်ယူခဲ့သော ၂၀၂၅ ခုနှစ် အမျိုးသားလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ တွေ့ရှိချက်များအရ လာအိုနိုင်ငံ၏ လူဦးရေတိုးနှုန်း ဆက်လက်ကျဆင်းလာခဲ့ကြောင်း သိရှိရခြင်းဖြစ်သည်။

လာအိုနိုင်ငံ၏ လူဦးရေသည် ၁၉၉၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ၂ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တစ်နှစ်လျှင် ၀ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးကျဆင်းလာကြောင်း ပြည်တွင်းသတင်းဝက်ဘ်ဆိုက် Lao Phattana က မေ ၇ ရက်တွင် ဖော်ပြထားသည်။

လာအိုနိုင်ငံ၏ လူဦးရေမှာ ၆ ဒသမ ၇၄ သန်းရှိပြီး အိမ်ထောင်စုတစ်စုလျှင် ခြောက်လနှင့်အထက် နေထိုင်သူများနှင့် ခြောက်လအထိ နေထိုင်မည့်သူများကို ကောက်ခံထားခြင်းဖြစ်ပြီး ၎င်းတို့ထဲတွင် အမျိုးသား ၅၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄၉ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အသက်အရွယ်များ အနေဖြင့် လူဦးရေ၏ ၆၅ ရာခိုင်နှုန်းမှာ အလုပ်လုပ်ကိုင်သည့်အရွယ် (၁၅ နှစ်မှ ၆၄ နှစ်အကြား)၊ ၂၄ ဒသမ ၉ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်အောက်နှင့် ၅ ဒသမ ၇ ရာခိုင်နှုန်းမှာ အသက် ၆၅ နှစ်နှင့်အထက်များဖြစ်ကြသည်။



ပဉ္စမအကြိမ်မြောက် အမျိုးသားလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၅ ခုနှစ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရတ်မြောက်ပိုင်း လေကြောင်းတိုက်ခိုက်မှုတွင် အိုင်အက်စ် သုံးဦးသေဆုံး

**ဘဂ္ဂဒက် မေ ၇**

အီရတ်နိုင်ငံ မြောက်ပိုင်း ကီကွခ်ပြည်နယ်အတွင်းရှိ အိုင်အက်စ်အဖွဲ့ခိုအောင်းရာနေရာများကို မေ ၆ ရက်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် အိုင်အက်စ်အဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း အီရတ်တပ်မတော်က ပြောကြားသည်။

အီရတ်ပူးတွဲစစ်ဆင်ရေး ကွပ်ကဲမှုဌာန၏ လုံခြုံရေး မီဒီယာဆဲလ်မှ ထုတ်ပြန်ချက်အရ အီရတ်လေတပ်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် ဟမ်ရင်တောင်တန်းဒေသကို ပစ်မှတ်ထားပြီး အောင်မြင်သောလေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် အိုင်အက်စ်အဖွဲ့ကို အနိုင်ရရှိခဲ့ကြောင်း ကြေညာခဲ့သော်လည်း အိုင်အက်စ်အဖွဲ့၏ လက်ကျန်အဖွဲ့ဝင်များသည် လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများကို ပစ်မှတ်ထား၍ ဝေးလံခေါင်သီသော သဲကန္တာရဒေသများတွင် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

**ဆင်ဟွာ**

# ဟန်တာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနိုင်သည့် လမ်းကြောင်းများကို အာဂျင်တီးနားအာဏာပိုင်များ စုံစမ်းစစ်ဆေး

**ဗျူနိုအေးရိစ် မေ ၇**

ဟန်တာဗိုင်းရပ်စ် ရောဂါလက္ခဏာများပြပြီးနောက် သေဆုံးခဲ့သော အပျော်စီးသင်္ဘောပေါ်ရှိ ဒတ်ချ်စုံတွဲသည် အဆိုပါအပျော်စီးသင်္ဘောပေါ်သို့ မတက်ရောက်မီ အာဂျင်တီးနားနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ဟန်တာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရနိုင်သည်ဆိုသည့် ဖြစ်နိုင်ခြေများကို အာဂျင်တီးနားကျန်းမာရေးအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အတ္တလန္တိတ်သမုဒ္ဒရာရေပြင်တွင် ခုတ်မောင်းနေသည့် ခရီးသည် ၁၅၀ ခန့်လိုက်ပါလာသော အပျော်စီးသင်္ဘောပေါ်တွင် အာဂျင်တီးနားဇနီးမောင်နှံနှင့် အခြားတစ်ဦးတို့ ဟန်တာဗိုင်းရပ်စ် ကူးစက်ခံရသည့် ရောဂါလက္ခဏာဖြင့် သေဆုံးခဲ့သည်။ ယမန်နေ့အထိ ယင်းသင်္ဘောပေါ်တွင် ဟန်တာဗိုင်းရပ်စ် ကူးစက်ခံထားရသည်ဟု သံသယရှိသူ ရှစ်ဦးအထိ ရှိလာပြီဖြစ်သည်။

သေဆုံးခဲ့သည့် ဒတ်ချ်စုံတွဲသည် အာဂျင်တီးနားနိုင်ငံသို့ ယမန်နှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဝင်ရောက်ခဲ့ကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့က ပြောကြားသည်။ ၎င်းဇနီးမောင်နှံမှာ အာဂျင်တီးနားသို့မရောက်မီ ချီလီနှင့် ဥရုဂွေးနိုင်ငံများတွင်လည်း လည်ပတ်ခဲ့ကြသေးသည်။ ထို့နောက် ဧပြီ ၁ ရက်တွင် အာဂျင်တီးနားနိုင်ငံ တောင်ဘက်အစွန်ဆုံးမြို့ဖြစ်သည့် ဥဆုအိုင်းယားမြို့မှ အပျော်စီးသင်္ဘောပေါ်သို့ လိုက်ပါစီးနင်းခဲ့ခြင်း ဖြစ်သည်။ ဟန်တာဗိုင်းရပ်စ် ရှိ မရှိ စစ်ဆေးနိုင်ရန်အတွက် အဆိုပါဇနီးမောင်နှံ သွားရောက်လည်ပတ်ခဲ့သည့် အာဂျင်တီးနားနိုင်ငံရှိ နေရာများမှ ကြွက်များကို ဖမ်းဆီး၍ နမူနာများ ရယူသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



အပျော်စီးသင်္ဘောပေါ်သို့ မတက်ရောက်မီ ဒတ်ချ်စုံတွဲသည် ဥဆုအိုင်းယားမြို့ရှိ ငှက်ကြည့်ခရီးစဉ်တစ်ခုအတွင်း ဟန်တာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရနိုင်သည်ဟု အာဂျင်တီးနားအရာရှိနှစ်ဦးက အမိကယူဆထားကြောင်းကို ကိုးကား၍ Associated Press (AP) သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အဆိုပါ ငှက်ကြည့်ခရီးစဉ်အတွင်း ထိုစုံတွဲသည် အမှိုက်များ စွန့်ပစ်ထားသည့် အမှိုက်ပုံကြီးတစ်ခုသို့ သွားရောက်လေ့လာခဲ့ပြီး ယင်းနေရာရှိ ကြွက်များမှတစ်ဆင့် ဟန်တာဗိုင်းရပ်စ် ကူးစက်ခံရနိုင်ကြောင်း အာဂျင်တီးနားအရာရှိနှစ်ဦးက AP သို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသား / အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ မေ ၇**

၂၀၂၆ ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် (၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ် ဇွဲကပင်မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။




အဆိုပါ ဘော်လီဘောပြိုင်ပွဲသို့ မြို့နယ်ခုနစ်မြို့နယ်မှ အမျိုးသား/ အမျိုးသမီးဘော်လီဘောအသင်း ခုနစ်သင်း အားကစားသမားပေါင်း ၁၄၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲမှ ထူးချွန်အားကစားသမားများကို စိစစ်ရွေးချယ်စခန်းသွင်းလေ့ကျင့်စေ၍ ဇွန်လတွင် တောင်ကြီးမြို့၌ ကျင်းပမည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ်အသင်းနှင့် သံတောင်ကြီးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံမြို့နယ်အသင်းက သုံးပွဲ၊ နှစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ် အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်တို့က အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် စပေးဘော၊ ဆယ်မ၊ ပင့်ထောင်၊ ရိုက်ခုတ်၊ ပိတ်ဆို့နှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုများကိုလည်းကောင်း၊ တတိယ၊ ဒုတိယဆုရရှိကြသော အမျိုးသား၊ အမျိုးသမီးအသင်းများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ပထမဆုရ ဘားအံမြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုငွေကျပ် ၁၀ သိန်းနှင့် ဆုဖလားတို့ကိုပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမဆုရ ဘားအံမြို့နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုငွေကျပ် ၁၀ သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ကရင်ပြည်နယ် ဘားအံမြို့တွင် ဈေးကွက်ဝယ်လိုအားကောင်းသည့် စားသုံးမှိုစိုက်ပျိုးထုတ်လုပ်ရေး သင်တန်းကို ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

စားသုံးမှိုစိုက်ပျိုးထုတ်လုပ်ရေး သင်တန်းကို ရပ်ကွက်၊ ကျေးရွာအုပ်စုများ၊ ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြပြီး မှိုစိုက်ပျိုးရန် လိုအပ်သည့် ကောက်ရိုး၊ ရိုးပြတ်၊ ဖဲဒါ၊ ၄က်ပျော၊ ပဲပင်အမျိုးမျိုး၊ ကြက်ချေး၊ နွားချေး၊ မြင်းချေးအခြောက်မှုန့်နှင့်ဖွဲနု အစရှိသော မိမိတို့ပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သည့် ကုန်ကြမ်းများကိုအသုံးပြု၍ မှိုအမျိုးမျိုးရှိသည့် အနက် ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ကြွက်နားရွက်မှို စိုက်ပျိုးနည်းများကို အဓိကသင်ကြားပေးမည်ဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ဟားခါး၌ကျင်းပ



**ဟားခါး မေ ၇**

နိုင်ငံတော်သမ္မတ၏ ဧပြီ ၁၀ ရက် မိန့်ခွန်းပါ လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်တွေ့အောင်မြင်အောင် ဆောင်ရွက်**

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များအား လက်တွေ့ အောင်မြင်အောင် မည်သို့ ဆောင်ရွက်မည်ဆိုသည်ကို ရှင်းလင်းတင်ပြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ ဒေသနွားများအား ကာကွယ်ဆေးထိုးနှံပေး

**ကျိုက်မရော မေ ၇**

ကျိုက်မရောမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာများသို့ သွားရောက်၍ နွားမွေးမြူသည့် တောင်သူများအား အသိပညာပေးဟောပြောခြင်း၊ ဒေသနွားနှင့် နို့စားနွားများအား ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်မှစ၍ ကျွန်းရွာကျေးရွာအုပ်စု၌ စတင်ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မွေးမြူရေး နှင့် ကုသရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဒေသနွားနှင့် နို့စားနွားများတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး လည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။ စီမံချက်ကာလအတွင်း မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအတွင်းရှိ နွားကောင်ရေ ၂၅၀ အား ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ကျန်ရှိနေသော ကျေးရွာများသို့လည်း သွားရောက်၍ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**

# တံတားဦးခရိုင်အတွင်း အခြေခံမွေးမြူရေးသင်တန်းဖွင့်

**တံတားဦး မေ ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်/မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက် (၁၀၀)စီမံချက်ဖြင့် အခြေခံမွေးမြူရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့က တံတားဦးမြို့နယ် ပန်းယျကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက တံတားဦးမြို့နယ်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိရာ မွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်တိုးတက်ရန် အသိပညာပေး သင်တန်းများ ဖွင့်လှစ်ပေးခြင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပန်းယျကျေးရွာ၊ မြေငူကျေးရွာနှင့် တပယ်ကျေးရွာတို့မှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သုံးရက်ကြာ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုင်းဖြတ်မြို့နယ်၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကျင်းပ



**မိုင်းဖြတ် မေ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးဝင်းခိုင်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် နည်းပြဆရာ ဦးဝင်းဇော်ဟိန်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ နွေရာသီအင်္ဂလိပ်စာအခြေခံ သင်တန်းမှ သင်တန်းသား သင်တန်းသူ ၃၀ တို့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုရရှိခဲ့ကြသည့် သင်တန်းသား သင်တန်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး**
**(ပြန်/ဆက်)**

# နိုင်ငံ့သားကောင်း တာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇ ။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေး အစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ မိုးရာသီနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတီရီယိုတေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့်စုပေါင်း၍ **"မိုးရွာမှာကို စောင့်နေတယ်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် (၈–၅–၂၀၂၄)ရက်(သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြား ပါသည်-

**(၈–၅–၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ"မိုးရွာမှာကိုစောင့်နေတယ်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မျက်ရည်မိုး | ပြင်ပအဆိုရှင် |
| ၂။ | ဒီရေ ဒီလေ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | မိုးသည်းထဲမှာ | ပြင်ပအဆိုရှင် |
| ၄။ | မိုးရွာမှာကိုစောင့်နေတယ် | ပြင်ပအဆိုရှင် |
| ၅။ | ငယ်သူမို့ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ခတ်ပြားပောင်းတစ်ချပ် | ဌာနအဆိုရှင် |
| ၇။ | မိုးသည်းတိုင်းလွမ်းတယ် | ပြင်ပအဆိုရှင် |
| ၈။ | ခွင့်လွှတ်တယ် | ပြင်ပအဆိုရှင် |
| ၉။ | ကျောင်းဖွင့်ချိန် | ဌာနအဆိုရှင် |
| ၁၀။ | အချစ်မိုး | ပြင်ပအဆိုရှင် |

## တပ်ကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေး

**တပ်ကုန်း မေ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ ပူးပေါင်း၍ စာရေးဆရာမ ခင်စောတင့် ရေးသားထားသည့် "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာပေဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားရရှိရေးနှင့် စာဖတ်ရိုန်မြင့်မားပြီး စာပေဗဟုသုတများ ဖလှယ်ဆွေးနွေးနိုင်ရေး ရည်ရွယ်ကာ စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး စာရေးဆရာများ၊ စာအုပ်စာစောင် ချစ်မြတ်နိုးသူများ အသင်းနှင့် စာပေဝါသနာရှင်များက စာရေးဆရာမ ခင်စောတင့် ရေးသားထားသည့် "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ" စာအုပ်ပါအကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးသည်။



ထို့နောက် စာရေးဆရာ ကိုကို (သုတေသန)၊ စာရေးဆရာ ဒေါက်တာနွယ့်ဝင်းတို့က ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း၌ မေ ၆ရက် ညနေပိုင်းတွင် မိုင်းပန်မြို့၏အရှေ့မြောက်ဘက် မီတာ ၁၃၇၀၀ ခန့် အကွာ၌ တရားမဝင်အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေဖော်ထုတ်မှုများကြောင့် ယနေ့ညနေပိုင်းတွင် မိုင်းပန်မြို့၏ မြောက်ဘက်မီတာ ၁၂၃၀၀ ခန့်အကွာတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား တစ်ဦးအား ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း မေ ၆ ရက်တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦး ဖမ်းဆီးရမိခဲ့မှု။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၄ ဒသမ ၆၁၃၈ တန်၊ သစ်မာ ၃ ဒသမ ၂၂၃၂ တန်၊ အခြား ၁၄ ဒသမ ၅၂၄၆ တန် စုစုပေါင်း ၄၂ ဒသမ ၃၆၁၆ တန်၊ ယာဉ်/ယန္တရား လေးစီး၊ တရားခံ ငါးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ပြိုင်ပွဲအရပ်ရပ် သွင်းဂိုးပေါင်း ၅၅ ဂိုးအထိ ရှိလာပြီဖြစ်သည်။

နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းကို ကျော်ဖြတ်နိုင်ခဲ့သော ပီအက်စ်ဂျီအသင်းသည် ဗိုလ်လုပွဲတွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ ပီအက်စ်ဂျီနှင့် အာဆင်နယ်အသင်းတို့၏ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို လာမည့် မေ ၃၀ ရက်တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့၌ ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်သည်။

**အောင်ဇော်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကျော့သောင်းမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး သင်တန်းဖွင့်

**ကျော့သောင်း မေ ၇**
တနင်္သာရီ တိုင်းဒေသကြီး ကျော့သောင်းမြို့နယ် ချောင်းဝ ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ စိုက်ပျိုးရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်ဖြင့် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများ ပညာပေးသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ဖွင့်လှစ်ရာ ကျော့သောင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ဇော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။



သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မြေဩဇာ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် သုံးစွဲ၍ ရေသွင်း/ရေခန်းစနစ် ကျင့်သုံးရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိန်ကိုက် အချိုးကျ ထည့်သွင်းနိုင်ရေးနှင့် ဘက်စုံပိုးမွှား ရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို သင်ကြားပို့ချပြီး သင်တန်းသို့ တောင်သူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**



## ပင်လုံမြို့၌ အခြေခံစက်ချုပ်သင်တန်းသုံးပစ္စည်းများပေးအပ်

**ပင်လုံ မေ ၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအစီအစဉ်ဖြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၅ ရက်က မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက သင်တန်းသားများအား သင်တန်းတွင် အသုံးပြုမည့် စက်ပစ္စည်းများနှင့် လွိုင်လင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်တို့က သင်တန်းသုံးကုန်ကြမ်း ပစ္စည်းများကို ပေးအပ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းကာလ ၄၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ကျောက်တံခါး မေ ၇**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ ရက်(၁၀၀) စီမံချက်ဖြင့် မေ ၆ ရက်က ဖဒိုမြို့(အထက-ဖဒို)တွင် အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား၊ ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများနှင့် UID ကတ်များကို မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

